# နန့်စန်း(၁)ကျေးရွာ

## ဖားကန့်မြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၂၃-၂၀၂၇)

(သမဝါယမနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)
၂၀၂၄ခုနှစ်၊ ဇန်နဝါရီလ

# မာတိကာ


မာတိကာ

စကားချီး

နန့်စန်း(၁)ကျေးရွာအရင်းအမြစ်ပြမြေပုံ၊ဖားကန့်မြို့နယ်

**အပိုင်း(က)ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်အစီအစဉ်**

**၁။နိဒါန်း–ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့်လွှမ်းခြုံသက်ရောက်မှု**

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

**၂။ကျေးရွာ၏ပထဝီဝင်အနေအထားနှင့်သဘာဝအရင်းအမြစ်များ**

(က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

**၃။ကျေးရွာ၏လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ**

(က) လူဦးရေဆိုင်ရာအချက်အလက်များ

(ခ) စီးပွားရေးအခြေအနေ–ဝင်ငွေပိုင်ဆိုင်မှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့်ထိခိုက်လွယ်မှု

(ဃ) ကျန်းမာရေးနှင့်အာဟာရ

(င) ကျားမဆိုင်ရာဆက်နွယ်မှု

**၄။ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးတိုးတက်မှုအခြေအနေ**

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊သားငါးထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုး

မွေးမြူရေးမဟုတ်သောအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု

(စ) ပညာရေး၊ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့်ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု–လမ်းတံတား၊လျှပ်စစ် စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

(ဈ)တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး

**၅။ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်း များ၊အဟန့်အတားများနှင့်ကျော်လွှားရမည့်စိန်ခေါ်မှုများ**

(က) ဖွံ့ဖြိုးရေးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသောအခြေအနေ ကောင်းများ

(ခ) အဟန့်အတားများနှင့်ကျော်လွှားရမည့်စိန်ခေါ်မှုများ

**၆။ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့်ဗျူဟာ**

**၇။ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီ အစဉ်ကျသော ချိတ်ဆက်မှုများ**

**၈။ဦးစားပေးစီမံချက်များနှင့်အကောင်အထည်ဖော်ဆောင်မည့်အချိန်ကာလ**

(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

(ခ) ကဏ္ဍနှင့်ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍စီမံကိန်းအုပ်စုသတ်မှတ်ခြင်း

(ဂ) ဦးစားပေးစီမံချက်များ

(ဃ) အကောင်အထည်ဖော်မည့်အချိန်ကာလ

**၉။ဘတ်ဂျတ်နှင့်ငွေကြေးဆိုင်ရာရွေးချယ်မှုများ**

**၁၀။ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့်နည်းလမ်းနှင့်အစီ အစဉ်များ**

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏အခန်းကဏ္ဍ

(ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ

(ဂ) ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့်အဖွဲ့အစည်းများ

(ဃ) ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့်ပြုပြင်ထိန်းသိမ်း ရန်အတွက်အဖွဲ့အစည်းဆိုင်ရာနှင့်ငွေကြေးဆိုင်ရာအစီအစဉ်များ

**၁၁။စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း**

(က) ကြီးကြပ်စစ်ဆေးခြင်း

(ခ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း

(ဂ) နည်းပညာဆိုင်ရာအကူအညီ

**နောက်ဆက်တွဲ**

**နောက်ဆက်တွဲ(၁)စီမံကိန်းဇယားများ**

**(၁)လူမှုစီးပွားရေးအခြေအနေ**

ဇယား(၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား(၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား(၃) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား(၄) ဓာတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

ဇယား(၅) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား(၆) ကျေးရွာ၏ဝမ်းစာဖူလုံမှုအခြေအနေ

ဇယား(၇) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှု အခြေအနေ

ဇယား(၈) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

ဇယား(၉) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်အုပ်စု

**(၂)က**ဏ္ဍ**အသီးသီး၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ**

ဇယား(၁၀) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

ဇယား(၁၁) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဖယား(၁၂) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု

ဇယား(၁၃) ကျေးရွာ၏ရေအရင်းအမြစ်နှင့်ရေသွင်းရေယာ

ဇယား(၁၄) အဓိကသီးနှံများနှင့်အထွက်နှုန်း

ဇယား(၁၅) ကျေးရွာ၏စိုက်ပျိုးရေးသုံးကိရိယာများပိုင်ဆိုင်မှု

ဇယား(၁၆) သီးနှံထုတ်လုပ်မှုတိုးစေရန်အတွက်အခွင့်အလမ်းများ

ဇယား(၁၇) သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်စိန်ခေါ်မှုများ

ဇယား(၁၈) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

ဇယား(၁၉) မွေးမြူရေးကဏ္ဍထုတ်လုပ်မှုတိုးတက်စေရန်အတွက်အခွင့်အလမ်းများ

ဇယား(၂၀) မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုအတွက်ပြဿနာနှင့်စိန်ခေါ်မှုများ

ဇယား(၂၁) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးလုပ်ငန်းများ

ဇယား(၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သောစီးပွားရေးလုပ်ငန်းများ အတွက်အခွင့်အလမ်း၊ ပြဿနာနှင့်အခက်အခဲများ

ဇယား(၂၃) ကုန်စည်နှင့်ဝန်ဆောင်မှု၊ဈေးကွက်လက်လှမ်းမီမှုအခြေအနေ

ဇယား(၂၄) ငွေကြေးလက်လှမ်းမီမှုနှင့်ဘဏ်လုပ်ငန်း

ဇယား(၂၅) သဘာဝပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်စီမံခန့်ခွဲမှုအတွက် လက်ရှိ အလေ့အကျင့် နှင့်အခက်အခဲများ

ဇယား(၂၆) သဘာဝပတ်ဝန်းကျင်ဆိုင်ရာအခက်အခဲများနှင့်သဘာဝဘေး အန္တရာယ်လျှော့ချရေး အစီအမံများ

ဇယား(၂၇) မူလတန်း၊အလယ်တန်း၊အထက်တန်းနှင့်တက္ကသိုလ်ပညာပြီးစီးမှုနှုန်း

ဇယား(၂၈) ကျောင်းအပ်နှုန်း

ဇယား(၂၉) စာသင်ကျောင်းဆောင်အခြေအနေ

ဇယား(၃၀) ပညာရေးအခက်အခဲနှင့်ပြဿနာများ

ဇယား(၃၁) အဖြစ်များသောရောဂါများ

ဇယား(၃၂) ကျန်းမာရေးအထောက်အပံ့နှင့်ဝန်ဆောင်မှုများ

ဇယား(၃၃) သောက်သုံးရေရရှိမှု

ဇယား(၃၄) သန့်ရှင်းရေးအခြေအနေ

ဇယား(၃၅) ကျေးရွာ၏လမ်း၊တံတားတည်ရှိမှုအခြေအနေ

ဇယား(၃၆) ရေကြောင်းသယ်ယူပို့ဆောင်ရေး

ဇယား(၃၇) သယ်ယူပို့ဆောင်ရေးယာဉ်များ

ဇယား(၃၈) လျှပ်စစ်မီးရရှိမှုအခြေအနေ

ဇယား(၃၉) ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာအခြေအနေ

ဇယား(၄၀) ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေးခြေအနေ

ဇယား(၄၁) ဘေးကင်းလုံခြုံရေး၊ဝန်ဆောင်မှုအထောက်အကူများအားလက်လှမ်း
မီမှု
ဇယား(၄၂) မှုခင်းဖြစ်ပွားမှုအခြေအနေ
ဇယား(၄၃) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကိုအထောက်အပံ့ဖြစ်စေသောအခြေ
အနေကောင်းများ
ဇယား(၄၄) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက်အဟန့်အတားနှင့်ရင်ဆိုင်ကျော်
လွှားရမည့် စိန်ခေါ်မှုများ
**နောက်ဆက်တွဲ(၃) ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာဆန်းစစ်ခြင်းမှ ဖြေရှင်းနည်းအထိ)**
ဇယား(၄၅) ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက်**ကိုးကားစာရင်း**
**အပိုင်း(၁) စီမံချက်ဆိုင်ရာအချက်အလက်**
စီမံချက်ဆိုင်ရာအချက်အလက်ပုံစံ

## စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၂၃ခုနှစ် မှ ၂၀၂၇ ခုနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော သမဝါယမနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ဖားကန့်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်

တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိရှိခဲ့သဖြင့် ထိရောက်မှုအားနည်းခဲ့ကြသည်။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်ဝန်ထမ်းများကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့်သတင်း အချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်း အချက် အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုသော ကိန်းဂဏန်း၊ အချက်အလက်များနှင့်နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန် လိုအပ်ကြောင်းကိုလည်းကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေး ဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာအချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များ ပါဝင်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

နန့်စန်း(၁)ကျေးရွာ၊ ဖားကန့်မြို့နယ်

**ရက်စွဲ၊ ၂၀၂၄ခုနှစ်၊ ဇန်နဝါရီလ ( ) ရက်**

## နန့်စန်း(၁)ကျေးရွာအရင်းအမြစ်ပြမြေပုံ၊ ဖားကန့်မြို့နယ်



### ရည်ညွှန်း

ကျေးရွာအခြေအနေကို ကျေးရွာသူ/သားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော (သတင်းအချက်အလက်များမှ ကောက်ယူပါသည်) (၁၀-၁၄ ရက်၊ ဇန်နဝါရီလ၊ ၂၀၂၄ခုနှစ်)

# အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်

## (၁)နိဒါန်း

### (က) ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပ အဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသောဖွံ့ဖြိုးရေးလုပ်ငန်း အတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရေးဆွဲ အကောင်အထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲ ခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီ အစဉ်ကို ရေးဆွဲပြီးနောက် ကျေးရွာ၏ဖွံ့ဖြိုးရေး ဆိုင်ရာကိန်းဂဏန်း၊ သတင်း အချက်အလက်များပြုစုရန် အရေးကြီးပုံကိုအလေးထား မိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ် သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာ စီမံကိန်းအကောင်အထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီး ကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေ အနေများ၊ ကြုံတွေ့နေရသောပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့် အရင်းခံ အချက်များ၊ ဖွံ့ဖြိုးရေးကိုအပံ့အပိုး ဖြစ်စေသော အချက်များနှင့် အဟန့်အတား ဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင် ရရှိအောင်ဆောင်ရွက် လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေ နှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း

ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သော အရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုကို သိရှိစေရန်မျှော်လင့်ပါသည်။

## (ခ) နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက်မူဝါဒနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကိုစုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့်အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။ ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာ ဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ ( NGOs )၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ(CSOs)နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ်လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့် ကျေးလက်လူထု၏ ထိကျသောလိုအပ်ချက်များအားသိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏ သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာ နိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်၊) နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများ ပြုလာနိုင်ပါမည်။

## (ဂ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ ကိုယ်တိုင်တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့်အခြားအဖွဲ့အစည်းများ ထံရနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်များချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းကဲ့သို့မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့်လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင်ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေး

လိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းကို ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏စွမ်းရည်နှင့် လိုအပ်သောအရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင်တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုးဖြစ်ပါသည်။

## ၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

### (က) တည်နေရာ၊ ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ကျေးရွာသည် ဖားကန့်မြို့နှင့် (၁၀)မိုင်ခန့်အကွာတွင် တည်ရှိပါသည်။ ကျေးရွာသည် မြေပြန့်ဒေသတွင်တည်ရှိပြီး အဓိကအသက်မွေးဝမ်းကျောင်း လုပ်ငန်းများမှာ ရာသီပေါ်သီးနှံများ စိုက်ပျိုးရေးလုပ်ငန်း ဖြစ်သည်။ ဒေသ၏ တစ်နှစ်ပျမ်းမျှ မိုးရေချိန်လက်မမှာ ၁၀၄.၈၁ ဝန်းကျင်တည်ရှိပါသည်။ အအေး ပိုင်ဒေသ၊ မိုးရေချိန်များပြီး တစ်နှစ်ပတ်လုံး အေးမြမှုရှိသည်။ ကျေးရွာ ပတ်လည်တွင် တောင်တန်းတောင်ကုန်းများ ဝိုင်းရံထားပြီး မြေပြင်အနေအထားမှာ မြေပြန့်ဒေသ ဖြစ်ပါသည်။ ကျေးရွာသည် မြေပြန့်ဒေသတည်ရှိပြီး စိုက်ပျိုးမြေများသည် ရာသီပေါ်သီးနှံများကို စိုက်ပျိုး၍ အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းဖြစ်ပါသည်။ စိုက်ပျိုးရေအဖြစ် မိုးရေကိုသာ အဓိက အားထားရပါသည်။ သဘာဝ ဘေးအန္တရာယ် ကျရောက်မှု နည်းပါးပြီး တည်ငြိမ်အေးချမ်းမှု ရှိသည့် ကျေးရွာဖြစ်ပါသည်။

### (ခ) သဘာဝအရင်းအမြစ်

ကျေးရွာ၏မြေဆီသြဇာမှာ စိုက်ပျိုးသီးနှံအတွက် အသင့်အတင့်ကောင်းမွန်ပါသည်။ ဖားကန့်မြို့နယ်သည် ကမ္ဘာကျော်သည့် ကျောက်စိမ်းရတနာများထွက်ရှိသော်လည်း ကျေးရွာတွင် ကျောက်စိမ်းများထွက်ရှိခြင်းမရှိပါ။ ကျေးရွာအနီးရှိ ဥရုချောင်းမှ သဲကျောက် ထုတ်ယူရရှိနိုင်ပါသည်။ ကျေးရွာအနီးအနားရှိ တောတောင်များမှ တောကောင်များ၊ ထင်း၊ မျစ်နှင့် ဆေးဖက်ဝင်အပင်များ၊ စိုက်ပျိုးရေး၊ မွေးမြူရေးအတွက် ဝါးများကို ရရှိနိုင်ပါသည်။

## ၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

### (က) လူဦးရေဆိုင်ရာအချက်အလက်များ

အိမ်ထောင်စုပေါင်း (၈၀)စုနှင့် ကျား (၁၅၃)ဦး၊ မ(၁၅၉)ဦးဖြင့် လူဦးရေပေါင်း(၃၁၂)ဦးရှိကာ တစ်အိမ်ထောင်လျှင် ပျမ်းမျှ(၄)ဦးနှုန်းရှိပါသည်။ ကျေးရွာ

တွင် ကချင်၊ ဗမာ၊ ရှမ်း၊ စသည့်တိုင်းရင်းသား လူမျိုးစုများ နေထိုင်ကြပြီး အလုပ်လုပ်ကိုင်နိုင်သောအရွယ်သည် ကျေးရွာရှိလူဦးရေပေါင်း၏ (၇၁%)ခန့် ရှိသဖြင့် လူသားအရင်းအမြစ်ကောင်း တစ်ရပ်ဖြစ်ကာ လူငယ်များကို သက်မွေးဝမ်းကျောင်း အတတ်ပညာများ လေ့ကျင့်သင်ကြားပေးပြီး ဒေသစီးပွားရေးတိုးတက်အောင် စွမ်းဆောင်နိုင်သည်။ အလုပ်လုပ်နိုင်သော အရွယ်ရှိ အမျိုးသမီးဦးရေသည် အမျိုးသားဦးရေထက် အနည်းငယ်များပြားပါသည်။

**(ခ) စီးပွားရေးအခြေအနေ- ဝင်ငွေ၊ပိုင်ဆိုင်မှုနှင့် မမျှတမှု**

အဓိကစီးပွားရေးလုပ်ငန်းမှာ ရာသီပေါ်သီးနှံစိုက်ပျိုးရေးလုပ်ငန်းဖြစ်ပါသည်။ ဆင်းရဲချမ်းသာ အဆင့်သတ်မှတ်မှုတွင် အိမ်ထောင်စုအားလုံး၏ (၇၅%) သည် ဆင်းရဲနှင့်အလွန်ဆင်းရဲသော အိမ်ထောင်စုအဆင့်အဖြစ်ခံယူကြပြီး (၁၀%) သည် ချမ်းသာသည့်အဆင့်၊ (၁၅%)သည်အလယ် အလတ်အဆင့်ရှိကြသည်ဟု သတ်မှတ်ကြသည်။ အိမ်ထောင်စုအများအားဖြင့် ရာသီပေါ်သီးနှံလုပ်ငန်းလုပ်ကိုင်ရန် ငွေကြေးအရင်းအနှီးမရှိသဖြင့် ချေးငွေများကြိုတင်ရယူပြီး သီးနှံပေါ်ချိန်တွင် ကြွေးရှင်များ ဆိုစျေးဖြင့်သာ ရောင်းချကြရ၍ အမြတ်အစွန်းကျန်ရှိမှု နည်းပါးစွာ ရရှိပါသည်။ လယ်ယာမဲ့သူများမှာ နေ့စား၊ ကျပန်းလုပ်ငန်းများ လုပ်ကိုင်ကြသည်။ အိမ်ထောင်စုအချို့မှာ မွေးမြူရေး၊ စျေးရောင်း/ဝယ်၊ လက်သမား/ပန်းရံလုပ်ငန်းများလည်း လုပ်ကိုင်ကြသည်။

**(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု**

ကျေးရွာမှ ဆင်းရဲနှင့်အလွန်ဆင်းရဲအိမ်ထောင်စုများ၏ (၃၀%)ဖြစ်သော အိမ်ထောင်စု ၂၅စုကို လေ့လာဆန်းစစ်မှုအရ ယင်းတို့၏ ၇%မှာ သူတစ်ပါးထံမှ ချေးငှားပြီးမှ နပ်မှန်စား သုံးနိုင်ကြောင်း၊ ၂၅%မှာ သူတစ်ပါးထံမှ မချေးမငှားဘဲ သုံးလခန့်စားသုံးနိုင်ကြောင်း၊ ၄၀%မှာ ၃လမှ၅လခန့်၊ ၂၈%မှာ ၆လမှ၁၂ခန့် သူတစ်ပါးထံမှ ချေးငှားစရာမလိုဘဲ နပ်မှန်စားသုံးနိုင်ကြောင်း တွေ့ရှိရသည်။

အကြွေးတင်ရှိမှုတွင် အိမ်ထောင်စုအားလုံးသည် အကြွေးငွေ(၁၀၀၀၀/-)ကျပ်မှ (၂၀၀၀၀၀၀/-)ကျပ်ထိ တင်ရှိနေကြသည်။ အိမ်ထောင်စုအားလုံး၏ (၇.၅%)ခန့်သည် အမျိုးသမီး ဦးဆောင်သော အိမ်ထောင်စုများဖြစ်ကြပြီး ထိုအိမ်ထောင်စုများမှာ ဆင်းရဲကြသည်။ အခြားထိခိုက်လွယ်သော သူများမှာ ကျေးရွာပြင်ပသို့ ဝင်ငွေရရှိရေးအတွက် မှော်နယ်မြေများသို့ သွားရောက်ရေမဆေးကျောက်စိမ်းရှာကြသည့် လူငယ်လူရွယ်အမျိုးသားများသည် လိင်မှတစ်ဆင့် ကူးစက်တတ်သည့် ရောဂါများ အရက်နှင့်မူးယစ် ဆေးဝါးသုံးစွဲမှုအန္တရာယ်တို့ ရှိတတ်ကြသည်။

**(ဃ) ကျန်းမာရေးနှင့်အာဟာရ**

ကျေးရွာတွင် ကျေးရွာသားအများစုသည်သာမာန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး အာဟာရပြည့်ဝစွာ ရှိကြသည်။ ကလေးငယ်အများစုသည် ကျန်းမာသန်စွမ်းကြသည်။ ဝမ်းပျက် ဝမ်းလျှော၊ သွေးလွန်တုတ်ကွေး၊ ငှက်ဖျား၊ ဆီးချို၊သွေးတိုးနှင့် သာမာန်ဖားနာမှုများ ဖြစ်ပွားမှုရှိကြောင်း တွေ့ရှိရသည်။ ကလေးများနှင့်ကိုယ်ဝန်ဆောင်မိခင်များကို ပိုလီယိုရောဂါ၊ မေးခိုင်၊ ဝက်သက်ရောဂါနှင့် အခြားစုပေါင်းကာကွယ်ဆေးထိုးနှံမှုများ ပုံမှန်ထိုးနှံခဲ့ပါသည်။

အမျိုးသမီး၊ လူငယ်လူရွယ်၊ သက်ကြီးပိုင်းတို့လည်း တစ်ကိုယ်ရည်သန့်ရှင်းရေး ကျန်းမာရေး အသိအမြင်များ ယခုနှစ်ပိုင်းတွင် ပိုမိုသိရှိလာကြသည်။ ကျေးရွာသူ/သားများအနေဖြင့် ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဆေးပေးခန်းမရှိသော်လည်း အခြေခံကျန်းမာရေးစောင့်ရှောက်မှုများကို ကျေးရွာအနီးရှိ လုံးခင်းမြို့တိုက်နယ်ဆေးရုံသို့ သွားရောက်ကုသခံယူရရှိပါသည်။ ဆေးရုံ၊ ဆေးခန်းများမှာ ကျေးရွာရှိကလေးများအား အာဟာရမှတ်တမ်းယူခြင်း၊ အာဟာရပညာပေး အစီအစဉ်များ ဆောင်ရွက်ပေးမှုရှိပါသည်။

ကျေးရွာတွင် သောက်သုံးရေအား အဝီစိတွင်း၊ တုံကင်များမှ အဓိကရယူအသုံးပြုကြပါသည်။ အသုံးပြုသည့် မြေအောက်ရေများတွင် သံဓါတ်ပါဝင်မှုများပြီး ရေကိုစစ်ခြင်း၊ ရေကိုကြို့ချက်ခြင်းများ ပြုလုပ်ပြီး အသုံးပြုကြရပါသည်။

**(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ**

ကျေးရွာ၏ ပညာရေးအဆင့်အတန်းသည် အားနည်းကြောင်း တွေ့ရှိရပါသည်။ ကျေးရွာသူ/သားအများစုသည် အခြေခံရေး၊ ဖတ်တတ်ကြသော်လည်း စာမတတ်သူဦးရေမှာ နည်းပါးကြောင်း ဘွဲ့ရအရေအတွက်မှာ ကျေးရွာလူဦးရေ၏ (၂%)ခန့်သာရှိပါသည်။ ကျေးရွာတွင် အခြေခံပညာရေးကို အ.လ.က(မဖွင့်ယန်) ကျောင်းတွင် တက်ရောက်သင်ကြားကြပြီး ကျေးရွာတွင် စာသင်ကျောင်းမရှိသည့်အတွက် ကလေးငယ်များအနေဖြင့် အခက်အခဲများစွာရှိပါသည်။ အထက်တန်းကျောင်းအား အ.ထ.က(လုံးခင်း)ကျောင်းသို့ သွားရောက် ပညာသင်ကြားကြရသည်။ သက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှုများမှာ နိမ့်ကျနေပြီး လူငယ်လူရွယ်များအတွက် အလုပ်အကိုင် အခွင့်အလမ်းများ နည်းပါးနေဆဲဖြစ်သည်။

**(စ) ကျား/မဆိုင်ရာဆက်နွယ်မှု**

ကျေးရွာတွင် ကျား/မဆိုင်ရာ ဆက်နွယ်မှုအနေအထားမှာ လွတ်လပ်မှုရှိသည်။ ကျား/မကြား ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်းကိစ္စကြီးကြီးမားမားမရှိကြောင်း တွေ့ရှိရပါသည်။ ကျေးရွာတွင် အမျိုးသမီးလူဦးရေသည် အမျိုးသားလူဦးရေထက် အနည်းငယ်များ ပါသည်။ ကျေးရွာတွင် သာမာန်အားဖြင့် ပညာရေးနှင့်အခြားနယ်ပယ်များတွင် ကျား/မအခွင့်အရေး တူညီစွာရရှိသည်ဟု ယေဘုယျပြောနိုင်ပါသည်။

အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင်မူ အမျိုးသမီးများပါဝင်မှုတို့မှာ အလွန်လျော့နည်းလျက်ရှိသည်။ ကျား/မတန်းတူညီမျှမှုနှင့် ပါတ်သက်၍ အသိပညာပေးခြင်းများ မြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ကျား/မတန်းတူညီမျှမှု ဖွံ့ဖြိုးမှုတို့အတွက် ပိုမိုအထောက်အပံ့ဖြစ်လာနိုင်ပါသည်။

**(၄) ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ**

**(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု**

ကျေးရွာတွင် အစဉ်အလာအရ ရပ်မိရပ်ဖအဖွဲ့၊ ကျောင်းအကျိုးဆောင်အဖွဲ့၊ ဘာသာရေးအဖွဲ့၊ လူငယ်အဖွဲ့နှင့်စီးပွားရေးအဖွဲ့တို့သည် စီးပွားရေး၊ ဘာသာရေး၊ လူမှုရေးနှင့်သာရေးနာရေး ကိစ္စရပ်များတွင် ပူးပေါင်းပါဝင်လုပ်ကိုင်နေကြသည်။ ကျေးရွာအတွင်း ပြင်ပအဖွဲ့အစည်းများမှ ဖွံ့ဖြိုးရေးဆောင်ရွက်နေမှု မရှိသေးပါ။ ကျေးရွာစဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ပညာရေး၊ ကျန်းမာရေးနှင့် ဘက်ပေါင်းစုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် အဓိက တာဝန်ယူဆောင်ရွက်ပေးမည့်အဖွဲ့အစည်းများ၊ စည်းရုံးနှိုးဆော်ပေးမည့် အဖွဲ့အစည်းများ မရှိသေးပါ။ ကျေးရွာရှိ အဆိုပါအဖွဲ့အစည်းများမှာ တစ်ဖွဲ့နှင့်တစ်ဖွဲ့အကြားချိတ်ဆက်ဆောင်ရွက်မှု၊ အဖွဲ့အစည်းဆိုင်ရာ သဘောတရားတို့နှင့် ပါတ်သက်၍ အားနည်းကြပြီး အဖွဲ့အစည်းများ စွမ်းဆောင်ရည် မြှင့်တင်ရေး ဆောင်ရွက်နိုင်ပါက ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှု ပိုမိုတိုးတက် ကောင်းမွန်လာနိုင်ပါသည်။

**(ခ) သီးနှံ၊ သားငါးထုတ်လုပ်ရေးကဏ္ဍ**

ကျေးရွာတွင် ယာမြေ (၄၈.၅)ကေ၊ ဥယျာဉ်ခြံမြေ (၆၇)ကေရှိသည်။ ကျေးရွာ၏ အဓိကစိုက်ပျိုးသီးနှံမှာ ရာသီပေါ်သီးနှံများ စိုက်ပျိုးကြပါသည်။

ယာမြေ (၄၈.၅)ကေအတွက် ဥရချောင်းမှ စိုက်ပျိုးရေကို ရယူအသုံးပြုကြပါသည်။ ကျေးရွာရှိ ကျွဲ၊ နွားများအား လွတ်ကျောင်းစနစ်ဖြင့် မွေးမြူကြပါသည်။

ကျေးရွာတွင် ဒေသဖြစ် ကြက်၊ ဘဲ၊ ဝက်၊ ဆိတ်၊ ကျွဲ၊ နွားများသာ မွေးမြူကြသည်။ နို့စားနွားနှင့် ဥစားကြက်၊ ဥစားဘဲ မွေးမြူသူများမရှိခြင်း၊ စီးပွား ဖြစ်မွေးမြူရန် အသိပညာဗဟုသုတနည်းပါးခြင်း စသည့်အခက်အခဲများရှိကြ သည်။

ကျေးရွာ၏ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုကဏ္ဍ တိုးတက်လာစေရန် အတွက် ကာလလတ်/ကာလရှည်ချေးငွေများ၊ ပုံမှန်ကာကွယ်ဆေးထိုးနှံခြင်း၊

အစာနှင့် ဆေးသွင်းအားစုများကို လက်လှမ်းမီရန်နှင့် ဈေးကွက်ဖွံ့ဖြိုးရန် လိုအပ်ပါသည်။

မွေးမြူရေးဆိုင်ရာ ဝန်ဆောင်မှု၊ နည်းပညာများကို မြို့နယ်မွေး/ကုဦးစီးဌာနမှ ရရှိနိုင်သော်လည်း ဝန်ထမ်းမလုံလောက်မှုကြောင့် လွှမ်းခြုံဆောင်ရွက်မှု အားနည်းသည်။ မွေးမြူရေးလုပ်ငန်း တိုးချဲ့စီးပွားဖြစ်မမွေးနိုင်ခြင်းမှာ မွေးမြူရေးလုပ်ငန်းသည် အမြတ်များများမရရှိခြင်း၊ ဆုံးရှုံးမှုရှိခြင်း၊ အစားရှာခက်ခဲခြင်း၊ မွေးမြူရေးအလုပ်သမားရရှိရန်ခက်ခဲခြင်း၊ စနစ်တကျ မထိန်းသိမ်းနိုင်ပါက စိုက်ပျိုးရေးလုပ်ငန်းအတွက် အနှောက်အယှက်ဖြစ်စေခြင်း၊ မွေးမြူရေးဆိုင်ရာ နည်းပညာအားနည်းခြင်းတို့ကြောင့်ဖြစ်သည်။

**(ဂ)စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ**

ကျေးရွာတွင် အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်း မရှိပါ။ အခြားဝင်ငွေရလုပ်ငန်းများမှာ လက်လုပ်လုပ်စားကျပန်း၊ ဈေးရောင်း၊ လက်သမား၊ ဆိုင်ကယ်ပြုပြင်ရေး၊ ဘာသာရေးဝန်ထမ်း တို့ဖြစ်ကြသည်။ ကျေးရွာဒေသခံများမှာ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အလုပ်အကိုင်ရရှိရန် ခက်ခဲမှုရှိပါသည်။ ပညာအရည်အချင်းနိမ့်ချခြင်းနှင့် အသက်မွေးဝမ်းကျောင်းအတတ်ပညာများ မရှိခြင်းတို့ကြောင့် ဝင်ငွေရလုပ်ကိုင်နိုင်ရန်မလွယ်ကူလှပါ။ ကျေးရွာနှင့်ကျေးရွာအနီးအနားတွင် စက်မှုလက်မှုလုပ်ငန်းများ၊ စက်ရုံအလုပ်ရုံများမရှိသဖြင့် လူငယ်လူရွယ်များသည် ပြည်တွင်း၊ ပြည်ပသို့ သွားရောက်လုပ်ကိုင်ခြင်း၊ ဖားကန့်မြို့သို့ သွားရောက်ကျောက်စိမ်းတူးဖော်ခြင်းဖြင့် ဝင်ငွေရှာဖွေကြ ပါသည်။

**(ဃ) သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတစီမံခန့်ခွဲမှု**

ကျေးရွာအနီးပတ်ဝန်းကျင်ရှိ တောတောင်များတွင် ထင်းခွေခြင်း၊ တောင်ယာမီးရှို့ခြင်း၊ ဝါးခုတ်ခြင်းတို့ ပြုလုပ်ကြသည်။ သစ်တော်များပြုန်းတီးလာသဖြင့် မြေအစိုဓါတ်ထိန်းသိမ်းမှု နည်းပါးလာပါသည်။ ယခင်က မြေဆီလွှာများ ကောင်းမွန်သော်လည်း ပိုးသတ်ဆေးများ အသုံးပြုမှုများလာခြင်း၊ ဓါတ်မြေသြဇာများ ထည့်သွင်းအသုံးပြုလာခြင်းနှင့် စွန့်ပစ်ပစ္စည်းများစီမံခန့်ခွဲမှုမရှိခြင်းတို့ကြောင့် လယ်ယာမြေဆီလွှာများ ပျက်စီးလာပြီး ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးကို ထိခိုက်လာခြင်းတို့ ဖြစ်ပေါ်လာစေပါသည်။

စိုက်ခင်းတောင်သူများအနေဖြင့် သဘာဝအော်ဂဲနစ်မြေသြဇာများ စနစ်တကျသုံးစွဲမှုမရှိခြင်း၊ နည်းပညာများမသိခြင်းတို့ကြောင့် ဓါတ်မြေသြဇာများကိုသာ အသုံးပြုမှုများပြားသည်။ ဘက်စုံပိုးမွှားနှိမ်နှင်းရေးစနစ်အစား ဓါတုပိုးသတ်ဆေးများသာ သုံးစွဲမှုများပြားသည်။ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင် တစ်ရွာလုံး သတ်မှတ်ထားသည့် စွန့်ပစ်နေရာများတွင် စနစ်တကျ စွန့်ပစ်ကြသော်လည်း ပလတ်စတစ်များ၊ ဗူးခွံပုလင်းခွံများအား စည်းကမ်းမဲ့ စွန့်ပစ်မှု အနည်းငယ် ရှိတတ်သည်။

## (င) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြစိမ်းရောင်စီမံကိန်းရန်ပုံငွေမှ စိုက်ပျိုး၊ မွေးမြူရေး၊ သက်မွေးလုပ်ငန်းများအတွက် ချေးငွေများအား အတိုးနှုန်း(၁)ကျပ်တိုး ချေးငွေကာလ(၁)နှစ်ဖြင့် ထုတ်ချေးပေးပါသည်။

ငွေချေးစားသူများမှ ချေးငွေအတိုး (၅)ကျပ်မှ (၁၀)ကျပ်အတွင်း ရွှေနှင့် ပိုင်ဆိုင်မှုပစ္စည်းများ အပေါင်ခံထားပြီး ချေးယူကြပါသည်။ တစ်လတစ်ကြိမ် အတိုးပေးသွင်းရပြီး ၃လ(သို့)၆လအတွင်း ချေးငွေပြန်လည်ပေးဆပ်ရပါသည်။ မိတ်ဆွေနှင့်ဆွေမျိုးများထံမှ အတိုးမဲ့ချေးငွေများရယူခြင်း၊ အတိုးဖြင့် ချေးငွေများ ရယူကြပါသည်။

## (စ) ပညာရေး၊ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် စာသင်ကျောင်းမရှိဘဲ မူလတန်းနှင့်အလယ်တန်းအား အ.လ.က(မဇ္ဈပ်ယန်)တွင် တက်ရောက်ကြရပြီး အထက်တန်းကျောင်းသားများမှာ အ.ထ.က(လုံးခင်း)ကျောင်းသို့ သွားရောက်ပညာသင်ကြားကြရပါသည်။

ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဆေးပေးခန်း မရှိသေးပါ။ သို့သော် ကျန်းမာရေး စောင့်ရှောက်မှုအား ကျေးရွာအနီးတွင် လုံးခင်းတိုက်နယ်ဆေးရုံသို့ သွားရောက်ကုသနိုင်ပါသည်။

ကျေးရွာတွင် သောက်ရေသုံးရေအတွက် အဝီစိတုံကင်များမှ ရရှိအသုံးပြုကြပါသည်။ ရေတွင်းများရှိသော်လည်း နွေရာသီရေခမ်းခြင်း၊ ရေမသန့်ရှင်းခြြင်း တို့ကြောင့် အသုံးမပြုနိုင်ပါ။ ကျေးရွာရှိ သောက်သုံးရေများတွင် သံဓါတ်ပါဝင် မှုများပြီး ရေကိုစစ်ပြီး ကြိုချက်ပြီးမှ အသုံးပြုနေရသဖြင့် တစ်ရွာလုံး ရေလုံ လောက်မှုမရှိပါ။

ကျေးရွာတစ်ရွာလုံးတွင် ရေလောင်း/ယင်လုံအိမ်သာများ ရှိကြသော်လည်း ယင်လုံ အိမ်သာကို စနစ်တကျအသုံးပြုမှု အသင့်အတင့်ရှိပါသည်။ တစ်ကိုယ်ရေ သန့်ရှင်းရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးဆိုင်ရာ အသိပညာဗဟုသုတအား နည်းပါသည်။

## (ဆ) လူငယ်နှင့်ယဉ်ကျေးမှု

လူငယ်များအတွက် အပန်းဖြေအနားယူနိုင်မည့် သီးသန့်နေရာမရှိပါ။ လူငယ်များသည် ကျေးရွာ၏လူမှုရေးလုပ်ငန်းများ၊ ဘာသာရေးပွဲတော်များနှင့် ရိုးရာဓလေ့ပွဲတော်များတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြသည်။ လူငယ်များ မူးယစ်ဆေးဝါးသုံးစွဲမှု ကင်းစင်လာစေရန် နှစ်စဉ် ဘောလုံးပွဲများ၊ ပိုက်ကျော်ခြင်း နှင့် အခြားအားကစားများ စီစဉ်ကျင်းပပေးသည်။ လူငယ်များအတွက် ကျေးရွာ တွင် မိသားစုစိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများသာရှိပြီး အလုပ်အကိုင်

အတည်တကျ လုပ်ကိုင်နိုင်သည့် အလုပ်ရှားပါးသည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်သည့် (မြစိမ်းရောင်စီမံကိန်း၊ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း)တို့တွင် လူငယ်များ ပူးပေါင်းပါဝင်ကြသည်။

**(ဇ) အခြေခံအဆောက်အဦး- လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး**

ကျေးရွာရှိ ရွာတွင်းလမ်းမှာ မြေသားလမ်းဖြစ်ပြီး ဆိုင်ကယ်၊ ကား၊ ထော်လာဂျီ၊ သုံးဘီး ဆိုင်ကယ်များကို အသုံးပြု မောင်းနှင်ကြသည်။ ရေလမ်းခရီး အသုံးပြုမှုမရှိဘဲ လမ်းပန်း ဆက်သွယ်ရေးအတွက် မော်တော်ဆိုင်ကယ်(၈၁)စီး ၊စက်ဘီး(၁၀)စီး၊ သုံးဘီး ဆိုင်ကယ် (၄)စီးနှင့်ကား(၁၄)စီးတို့ကို အသုံးပြုလျှက်ရှိသည်။

ကျေးရွာတွင် မဟာဓါတ်အားလိုင်းမှလျှပ်စစ်မီးကို မရရှိပါ။ ကျေးရွာတစ်ရွာလုံးတွင် ဆိုလာစနစ်ဖြင့်သာ လျှပ်စစ်မီးရရှိသုံးစွဲကြသည်။ ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့်အခြားလူမှုဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမှီအသုံးပြုနိုင်ပါသည်။ ကျေးရွာတွင် အင်တာနက် အသုံးပြုနိုင်မှုမှာ အသင့်အတင့်မျှသာကောင်းမွန်ပြီး အခြားသတင်းအချက်အလက်များအတွက် ချိတ်ဆက်အသုံးပြုနိုင်သည်။ ကျေးရွာတွင် စာကြည့်တိုက်မရှိသေးပါ။ သို့သော် ဘုန်ကြီးကျောင်း၊ ဘုရားကျောင်းများတွင် စာပေများ သွားရောက်လေ့လာဖတ်ရှုနိုင်သည်။ ရွာသားများသည် ကျေးရွာအနီးရှိ လုံးခင်းကျေးရွာနှင့် ဖားကန့်မြို့တို့တွင် သတင်းစာ၊ဂျာနယ်များ သွားရောက်ဝယ်ယူ ဖတ်ရှုကြပြီး တစ်ရွာလုံးအတိုင်းအတာဖြင့် တယ်လီဖုန်းနှင့်သတင်း ဆက်သွယ်ရေးမှာ အလယ်အလတ်သာကောင်းမွန်ကြောင်းတွေ့ရှိရပါသည်။

**(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး**

ကျေးရွာတွင် သာမာန်ခိုးလုမှုခင်းသာ တစ်ခါတစ်ရံသာဖြစ်ပြီး ရာဇဝင်မှုခင်းများ ဖြစ်ပွားမှုနည်းပါးသဖြင့် တည်ငြိမ်အေးချမ်းမှုရှိခြင်းကြောင့် ကုန်စည်ကူး

သန်းရောင်းဝယ်မှုတို့ ချောမွေ့စေသည်။ ကျေးရွာတွင် နေထိုင်သည့် တိုင်းရင်းသားလူမျိုးစုများသော်လည်း လူမျိုးစုပြဿနာ၊ ဘာသာရေးပြဿနာများ၊ လူနည်းစုမျိုးနွယ်များအပေါ် ထိခိုက်မှုများမရှိပဲ ရွာသားအချင်းချင်း သင့်မြတ်အေးချမ်းစွာ နေထိုင်ကြသည်။ အာမခံစနစ်ကို ချိတ်ဆက်ဆောင်ရွက်ထားသူ မရှိသလောက်နည်းပါးသည်။ ရွာသားများသည် မြို့နယ်ရဲစခန်း၊ ရဲကင်းများသို့ အလွယ်တကူ ချိတ်ဆက်နိုင်ပြီး ကျေးရွာတွင် ရာဇဝတ်မှုဖြစ်ပွားခြင်း နည်းပါးသည်။

## ၅။ ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ

### (က) ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေများ

ဖားကန့်မြို့နယ်သည် ကျောက်မျက်ရတနာများ ထွက်ရှိသည့် နယ်မြေဖြစ်သော်လည်း ဤနန့်စန်း(၁)ကျေးရွာသည် ကျောက်မျက်ရတနာ ထွက်ရှိခြင်းမရှိပဲ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများသာ အဓိကစိုက်ပျိုးမွေးမြူကြပြီး အေးချမ်းတည်ငြိမ်စွာတည်ရှိသည့် ကျေးရွာဖြစ်သည်။

ကျေးရွာတွင် လူငယ်ပညာတတ်များ အတော်အသင့်ရှိပြီး လူဦးရေ၏ (၇၀%)မှာ အလုပ်လုပ်နိုင်သည့် အရွယ်များဖြစ်ကြသည်။ ဘွဲ့ရအရေအတွက် အသင့်အတင့်ရှိပြီး ကျွမ်းကျင်မှုနှင့် သက်မွေးဝမ်းကျောင်းသင်တန်းများကို လူငယ်များအား လေ့ကျင့်သင်ကြားပေးခြင်းဖြင့် လူသားအရင်းအမြစ်များကို တိုးတက်ကောင်းမွန်လာစေပါမည်။ ကျေးရွာသားများအနေဖြင့် စိုးရိမ်ရသော အရေးပေါ်ဆေးဝါးကုသခံယူမှုအတွက် ဖားကန့်မြို့နယ်ဆေးရုံသို့ သွားရောက်ဆေးကုသမှုခံယူနိုင်ကြသည်။

သဘာဝအရင်းအမြစ်များတွင် ကျေးရွာပတ်လည် တောင်တန်း၊ တောင်ကုန်းများ သစ်တောများ၊ စိမ့်စမ်းရေ၊ ချောင်းရေများ ပတ်လည်ဝန်းရံလျှက်ရှိပါသည်။ ကျေးရွာသည် မြေပြန့်ဒေသဖြစ်ပြီး စိုက်ခင်းမြေများသည်

မြေဆီဩဇာမှာ အလယ်အလတ်ကောင်းမွန်သည်။ သီးနှံစိုက်ခင်းတောင်သူများလည်း စိုက်ခင်းသီးနှံထုတ်ကုန်များကို အလွယ်တကူ သယ်ယူပို့ဆောင်ပေးနိုင်သည်။ ကျေးရွာသည် ဖားကန့်မြို့နှင့် လုံးခင်းကျေးရွာများသို့ မော်တော်ယာဉ်၊ ဆိုင်ကယ်များဖြင့် ကျေးရွာထွက်ကုန်များကို အချိန်မီတင်ပို့ရောင်းချနိုင်သည်။ ဖားကန့်မြို့သို့ ကျေးရွာ၏ စိုက်ပျိုးရေးထွက်ကုန်သီးနှံဟင်းသီးဟင်းရွက်များ ရောင်းချရန် ဈေးကွက်ကောင်းသဖြင့် သီးနှံစိုက်ခင်းများတိုးချဲ့ စိုက်ပျိုးရန် အခွင့်အလမ်းသာသည်။ စိုက်ပျိုးရေးဦးစီးဌာနမှ လိုအပ်သော နည်းပညာပိုင်းဆိုင်ရာ ဝန်ဆောင်မှုပံ့ပိုးမှုကိုလည်း တိုးမြှင့် ဆောင်ရွက်ပေးရန် လိုအပ်သည်။

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုကို ချောမွေ့စေသည်။ ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့် အခြားဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမီအသုံးပြုနိုင်ကြသည်။ ကျေးရွာတွင် အင်တာနက်အသုံးပြုနိုင်မှုမှာ သာမာန်မျှသာ ကောင်းမွန်ပြီး အခြားသတင်း အချက်အလက်များအတွက် ချိတ်ဆက်အသုံးပြုနိုင်သည်။

**(ခ) အဟန့်အတားနှင့်စိန်ခေါ်မှု**

ကျေးရွာရှိ စိုက်ခင်းမြေဆီလွှာများသည် သီးနှံအထွက်နှုန်းတိုးစေရန် ဓါတ်မြေဩဇာ များထည့်သွင်းအသုံးပြုမှု များပြားသဖြင့် မြေဆီလွှာများ ပိုမိုညံ့လာနိုင်သည်။ ကျေးရွာ၏ စိုက်ချင်းမြေကို ထပ်မံတိုးချဲ့၍ မရရှိနိုင်သဖြင့် စိုက်ခင်းသမားများအဖို့ အထွက်နှုန်းတိုးမြင့်အောင် အားစိုက်ရပေမည်။

စိုက်ပျိုးရေရယူသုံးစွဲနေသည့် စိမ့်စမ်းရေချောင်းမှာ သစ်တောများပြုန်းတီးလာသဖြင့် ရေထွက်အား လျော့နည်းလာပြီး စိုက်ပျိုးရေမလုံလောက်မှုဖြစ်လာပါသည်။ ကျေးရွာအနေဖြင့် သစ်တောများ ပြုန်းတီးလာမှု မဖြစ်စေရန် ဝိုင်းဝန်းထိန်းသိမ်းသင့်ပါသည်။ မိုးရာသီ စိုက်ပျိုးရေ လုံလောက်စွာရရှိစေရန် ရေသုံးစွဲသူ စုဖွဲ့ပြီး လက်တူးတွင်းတူးဖော်ရန်လိုအပ်သည်။ စိုက်ခင်းတောင်သူ

များအနေဖြင့် ဘက်စုံပိုးမွှားနှိမ်နင်းရေး ကျင့်သုံးနိုင်ရေး အထောက်အပံ့များ စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ဆောင်မှုများ ရရှိရန်လိုအပ်သည်။

လူငယ်များသည် မူးယစ်ဆေးဝါးများအား လွယ်ကူစွာ ဝယ်ယူသုံးစွဲနိုင်သဖြင့် မူးယစ်ဆေးဝါးအန္တရာယ်သည် ကျေးရွာ၏ တက်သက်လူငယ်များ ဖွံ့ဖြိုးတိုးတက်လာစေရန် ကြီးမားသည့် အဟန့်အတားတစ်ရပ်ဖြစ်ပါသည်။ မူးယစ်အန္တရာယ်ကင်းစင်လာရန် အသိပညာ ဗဟုသုတ ဟောပြောပွဲကျင်းပပေးခြင်း အားကစားပျော်ပွဲရွှင်ပွဲများ ကျင်းပဆောင်ရွက်ပေးရန် လိုအပ်သည်။

ကျေးရွာတွင် အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းမရှိသဖြင့် အလုပ်အကိုင်နှင့် ဝင်ငွေပုံမှန် ရရှိရေးအတွက် အကန့်အသတ်ရှိနေပါသည်။ ဒေသတွင်လည်း ကုန်ထုတ်လုပ်ငန်းအတွက် လိုအပ်သည့် ကုန်ကြမ်း၊ အတတ်ပညာ၊ အထိတွေ့ တို့ရရှိမှုအားနည်းပါသည်။

## ၆။ ပန်းတိုင်နှင့် မဟာဗျူဟာ

### (က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အဖွဲ့နှင့်တိုင်ပင်ညှိနှိုင်းပြီး လာမည့် ငါးနှစ်တာကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်-

(၁)ကျွန်ုပ်တို့ကျေးရွာလူထုသည် ကုန်ထုတ်လုပ်မှု မြှင့်တင်ခြင်း၊ အလုပ်အကိုင်များဖန်တီးပေးခြင်း၊ သက်မွေးပညာသင်တန်းများရရှိခြင်းမှ တစ်ဆင့်ဝင်ငွေရှာဖွေနိုင်စွမ်းနှင့် စီးပွားရေး အနေအထားကို တိုးတက်ရရှိမည်၊

(၂) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကျေးရွာအခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်လာစေရန် သက်ဆိုင်ရာဌာနအဖွဲ့အစည်းနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းနှင့် သတင်း အချက်အလက်များ၊ ဈေးကွက်နှင့်

အခြားလူမှုဝန်ဆောင်မှုလုပ်ငန်းများအတွက် အချိန်နှင့်တစ်ပြေးညီ လက်လှမ်းမီအသုံးပြုစေရန် ဆက်သွယ်ရေး ဖုန်းလိုင်းများ ကောင်းမွန်စွာ အသုံးပြုနိုင်စေမည်။

(၃)ကျွန်ုပ်တို့ကျေးရွာလူထုသည် စာတတ်မြောက်မှုနှင့် ပိုမိုကောင်းမွန်သော ပညာရေးမှတစ်ဆင့် ကလေးငယ်များ၏ လူသားဆိုင်ရာစွမ်းဆောင်ရည် နယ်ပယ်ကို ကျယ်ဝန်း လာစေရမည်။

(၄)ကျွန်ုပ်တို့ကျေးရွာလူထုသည် ကျန်းမာရေးစောင့်ရှောက်မှု ဝန်ဆောင်မှု ကောင်းမွန် ပြည့်ဝစွာရရှိစေခြင်းနှင့် ကျန်းမာရေး အသိပညာဗဟုသုတ ကျယ်ပြန့်စွာ သိရှိပြီး ကျန်းမာစွာ လိုက်နာနေထိုင်တတ်စေမည်။

**(ခ) အကောင်အထည်ဖော်နည်းဗျူဟာ**

ကျွန်ုပ်တို့သည် အထက်တွင် ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါ အကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်-

(၁)ကျေးရွာတွင် နည်းပညာ၊နည်းပညာအသုံးချနိုင်စွမ်းရရှိရေး စိုက်ပျိုးရေလုံလောက် ရရှိရေးနှင့် စိုက်ပျိုးရေးသွင်းအားစုများ သယ်ယူနိုင်ရန် ထောက်ခံချက်များရရှိရေးတို့ကို ဆောင်ရွက်ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားမည်။ ကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေး နည်းပညာများ ထွန်းကားလာရေးအတွက် စိုက်ပျိုးရေး၊မွေးမြူရေးနည်းပညာသင်တန်းများ တက်ရောက်နိုင်ရေး အတွက် သက်ဆိုင်ရာနည်းပညာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။ သင်တန်းတက်ရောက်ထားသူများက တစ်ဖန်ကျေးရွာတွင် ရရှိထားသော နည်းပညာများကို မျှဝေပေးပြီး မိမိတို့ကိုယ်တိုင် လုပ်ငန်းများတွင် အသုံးချကာ ထုတ်လုပ်မှု တိုးတက်စေမည်။

သက်ဆိုင်ရာနည်းပညာဌာနများနှင့် ချိတ်ဆက်၍ စိုက်ပျိုးရေး၊ မွေးမြူရေး နည်းပညာဗဟုသုတများ အသိပညာပေး ဟောပြောပွဲများ ကျင်းပပေးနိုင်ရန် ဆောင်ရွက်သွားမည်။ ထိုအပြင် စိုက်ပျိုးရေးအတွက် ရေရရှိမှု ပြည့်ဝလုံလောက်စွာ ရယူသုံးစွဲနိုင်ရန် ရေသုံးစွဲသူများ စုဖွဲ့ပြီး လက်တူးတွင်းများ တူးဖော်ဆောင်ရွက်သွား မည်။ စိုက်ပျိုးရေရရှိရေး သက်ဆိုင်ရာဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။ စိုက်ပျိုးရေအတွက် အရေးကြီးသော စိုက်ပျိုးရေးဆိုင်ရာ သွင်းအားစုများ (ဓါတ်မြေဩဇာ၊ ပိုးသတ်ဆေး) သယ်ယူရာတွင် လွယ်ကူစွာ သယ်ယူအသုံးပြုနိုင်ရေး စိုက်ပျိုးရေးဦးစီးဌာန၏ သယ်ယူခွင့် ထောက်ခံချက် ရရှိအောင် ချိတ်ဆက်ဆောင်ရွက်သွားမည်။

(၂) ကျွန်ုပ်တို့သည် လက်သမား/ပန်းရံ၊ အပ်ချုပ်၊ မော်တော်ဆိုင်ကယ်ပြင်နှင့် ကျောက်ဖြတ် သင်တန်းစသည့် သက်မွေးဝမ်းကျောင်းသင်တန်းများ တက်ရောက်နိုင်ရန် သင့်တော်သော သင်တန်းသားများကို တက်ရောက် နိုင်ရန် စီစဉ်ပေးမည်။ ထိုသင်တန်းများသည် ကျေးရွာသားများအတွက် သက်မွေးပညာကျွမ်းကျင်မှုများကို တိုးပွားရရှိစေပြီး ဝင်ငွေရ လုပ်ငန်းများ ထူထောင်တိုးချဲ့နိုင်ရန် အရင်းအနှီးလုပ်ငန်းအစီအစဉ်နှင့် ချိတ်ဆက်ပေးမည်။

(၃)ကျေးရွာတွင် ကျေးရွာလမ်း၊ တံတားနှင့် ကျေးလက်ကျန်းမာရေးဆေးပေးခန်းတို့ ဆောက်လုပ်ကာ ကျေးရွာ၏အခြေခံအဆောက်အအုံများ တိုးတက်ကောင်းမွန်ရေးအတွက် ဆောင်ရွက်သွားမည်။ ထိုအပြင် ကျေးရွာအခြေခံအဆောက်အအုံများကို အသုံးပြုစီမံခန့်ခွဲထိန်းသိမ်းရေး အတွက် စီမံခန့်ခွဲနိုင်စွမ်းကိုလည်း တိုးတက်အောင် ဆောင်ရွက်သွား မည်။ သတင်းအချက်အလက်များလက်လှမ်းမှီအသုံးပြုနိုင်ရန် မိုဘိုင်း

ဖုန်းဆက်သွယ်ရေးလိုင်း များကောင်းမွန်လာစေရန် ဖုန်းတာဝါတိုင်များ စိုက်ထူရရှိနိုင်ရေး သက်ဆိုင်ရာဌာန၊ ပုဂ္ဂလိကအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။

(၄)ကျေးရွာတွင် အခြားကျောင်းများသို့ ပညာသွားရောက်သင်ကြားနေသည့် ကျောင်းသားများ ဘေးကင်းလုံခြုံမှုရှိစေရန်၊ ပညာဆည်းပူးမှု တိုးတက်ကောင်းမွန်လာစေရန် ကျောင်းကြို/ပို့မော်တော်ယာဉ်များ၊ အစီအစဉ်များ စီစဉ်ဆောင်ရွက်ပေးမည်။ လူငယ်များ စာပေဖတ်ရှုလေ့လာမှု အားကောင်းလာစေရန်နှင့် အသိပညာဗဟုသုတများ မြင့်မားလာစေရန် အတွက် သက်ဆိုင်ရာဌာနအဖွဲ့အစည်း၊ စာပေပညာရှင်များနှင့် ချိတ်ဆက်၍ စာကြည့်တိုက်နှင့်စာပေဖတ်ရှုလေ့လာနိုင်မည့် နေရာများ ရရှိစေရေး၊ စာပေဟောပြောပွဲများစီစဉ်ကျင်းပနိုင်ရေး ဆောင်ရွက်သွားမည်။

(၅)ကျေးရွာတွင် ရိုးရာဓလေ့အစဉ်အလာများကြောင့် ကျား/မတန်းတူအခွင့်အရေးဆိုင်ရာ ခွဲခြားဆက်ဆံမှုမရှိစေရန် မြို့နယ်အဖွဲ့အစည်းများ၏အကူအညီရယူပြီး အမျိုးသမီးများနှင့်အမျိုးသားများ လုပ်အားခများ တန်းတူရရှိရေး၊ စီမံအုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များ တန်းတူညီမျှပါဝင်နိုင်စေရေး ကျား/မအခွင့်အလမ်းဆိုင်ရာကိစ္စရပ်များ ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေးခြင်းအစီအစဉ်များ ဆောင်ရွက်ပေးမည်။

## ၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာန ဆိုင်ရာ များနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြု ချက်အရ ပြုစုဖော်ပြထားပါသည်။

ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိ ပံ့ပိုးပေးနိုင်မည့် အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါသည်။

**(က) ကျေးရွာဖွံ့ဖြိုးရေး ရည်မှန်းချက်ရေးဆွဲပေးခြင်းနှင့် ပုံမှန်စိစစ်ခြင်း**

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာ အထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂါတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်ုပ်တို့သည် ကျေးရွာသားများကိုယ်တိုင် အားထုတ်လုပ်ကိုင်ရရခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံး အတည်ပြုထားသည့် ဖွံ့ဖြိုးရေး အစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန် စိစစ်သွားနိုင်ပါမည်။ အရေးကြီးသည့် အချက်မှာ ဦးစားပေးစီမံချက်များနှင့် ဘတ်ဂျက်ပမာဏ ပါဝင်သည့် နှစ်ပတ်လည်ဖွံ့ဖြိုးရေး စီမံချက်ပြင်ဆင်ရန်ဖြစ်သည်။

**(ခ) စိုက်ပျိုးရေးဆိုင်ရာ အရေးကြီးသည့် သွင်းအားစုများ**

ကျေးရွာတွင်ရာသီအလိုက် သီးနှံစိုက်ခင်းများကို အဓိကဝင်ငွေရလုပ်ငန်းအနေဖြင့် စိုက်ပျိုးလုပ်ကိုင်ကြသည်။ စိုက်ခင်းတောင်သူများအတွက် စိုက်ခင်းများ စိုက်ပျိုးရန် စိုက်ပျိုးမြေများသည် ဓါတ်မြေဩဇာ အချိန်မီထည့်သွင်းအသုံးပြုမှ သာ သီးနှံအထွက်နှုန်းတိုးစေသဖြင့် ဓါတ်မြေဩဇာအချိန်မီရရှိနိုင်ရန်နှင့် ဖျက်ပိုး ထိရောက်စွာ နှိမ်နှင်းရေးအတွက် ဓါတုပိုးသတ်ဆေးများအစား ဘက်စုံ ဖျက်ပိုးနှိမ်နှင်းရေး နည်းပညာရရှိရေးနှင့် စိုက်ပျိုးရေလုံလောက်စွာ ရရှိအသုံး ပြုနိုင်ရေး လိုအပ်သည်။ စိုက်ပျိုးမြေများအတွက် ဓါတ်မြေဩဇာများ၊ ပိုးသတ် ဆေးများသယ်ယူရာတွင် လုံခြုံရေးအခြေအနေများကြောင့် ထားဆီး စစ်ဆေးမှု ပိတ်ဆို့မှုများကြောင့် အချိန်မီမထည့်သွင်းနိုင်ပါက သီးနှံများအတွက်နှုန်း လျော့နည်းစေပါသည်။ စိုက်ခင်းများတွင် သီးနှံဖျက်ပိုးများနှိမ်နှင်းရေးအတွက် ပုဂ္ဂလိက

အရောင်းဆိုင်များမှ ဓါတုပိုးသတ်ဆေးများကိုသာ အားထားရသည်။ သီးနှံဖျက်ပိုးများသည် ပိုးသတ်ဆေးအချို့ကို ခံနိုင်စွမ်းရှိကြကာ သီးနှံပျက်စီးမှုနှင့် ဝင်ငွေ လျော့နည်းမှုဖြစ်စေသည်။ စိုက်ခင်းများအတွက် ဓါတ်မြေဩဇာများ သယ်ယူခွင့် ထောက်ခံချက်ရရှိရေး၊ နည်းပညာအသုံးပြုမှုများအပါအဝင် ပိုးမွှားနှိမ်နင်းရေး နည်းပညာ အသစ်ရရှိရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနက ဦးစီးဦးရွက်ပြုသင့်ပါသည်။ သီးနှံစိုက်ခင်းများအတွက် စိုက်ပျိုးရေးပြည့်ဝ လုံလောက်စွာ ရရှိသုံးစွဲနိုင်ရေး လက်တူးတွင်းများတူးဖော်ပေးနိုင်ရန် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဦးစီးဦးရွက်ပြုသင့်ပါသည်။

**(ဂ) ကျေးလက်ကျန်းမာရေးဆေးပေးခန်းဆောက်လုပ်ရေး**

ကျေးရွာတွင် ကျန်းမာရေးစောင့်ရှောက်မှု ဝန်ဆောင်မှုများအတွက် ကျန်းမာရေး ဆေးပေးခန်းမရှိသဖြင့် အရေးပေါ်ဆေးဝါးကုသခံယူမည့် ကျေးရွာသားများသည် အခြား ဆေးပေးခန်း၊ ဆေးရုံများသို့ သွားရောက်ကုသခံယူရန် သွားလာယာဉ်ခက်ခဲခြင်း၊ လွယ်ကူစွာ ကုသနိုင်ရန် ခက်ခဲခြင်းတို့ကြုံရသည်။

## ၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ

စီမံချက်များသည် အကောင်အထည်ဖော်မည့်ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှုများအဖြစ် သဘောထားနားလည်နိုင်စေမည့် ဖော်ထုတ်ထားချက်များဖြစ်သည်။ထို့ကြောင့် စီမံချက်များသည် ငါးနှစ်တာစီမံချက်ကာလအတွင်း ချမှတ်ထားသော ပန်းတိုင်များကိုရောက်ရှိရန် ပါဝင်ပေးမည့် ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်မှုဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

**(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်**

ကျေးရွာလူထုက ငါးနှစ်တာစီမံချက်ကာလအတွက် ပြင်ဆင်ပြုစုကြသည့် ကာလဖော်ထုတ်၊ ဦးစားပေးတန်းစီခဲ့ကြသည့် စီမံချက်များသည် မည်သို့မျှ ပြည့်စုံမှုမရှိနိုင်ပါ။ဤသည်မှာကျေးရွာလူထုသည် နှစ်နှစ်၊သုံးနှစ်တာကာလ

စီမံချက်များအတွက် မျှော်မှန်းရေးဆွဲ ထားနိုင်ကြသော်လည်း ငါးနှစ်တာကာလ တစ်လျှောက်လုံးတွင် နောက်ထပ်ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းများကို လည်း ဖော်ထုတ်သွားကြပါမည်။ သို့ပါသောကြောင့် ရေးဆွဲထားသည့် ငါးနှစ်တာ စီမံချက်သည် ပြင်းထန်သောသဘာဘေးအန္တရာယ်ကဲ့သို့ ထိခိုက်စရာများ မပေါ်ပေါက်ပါက အနည်းနှင့်အများဆိုသလို ပြောင်းလဲမှုမရှိနိုင်ပဲ နောက်ထပ် တိုးလာမည့် လုပ်ငန်းစီမံချက်များသာ ပါဝင်လာနိုင်ပါမည်။ ထို့ကြောင့် ငါးနှစ်တာ ကာလ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်၏ဗျူဟာမြောက်မူဘောင် အတွင်း နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ဆောင်ရွက်သွားကြပါမည်။

**(ခ) ကဏ္ဍနှင့် ရင်းနှီးမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း**

စီမံကိန်း၊စီမံချက်များကို စီမံချက်ဆိုင်ရာအချက်အလက်များကို စိစစ် စိတ်ဖြာနိုင်ရန် လုပ်ငန်းရပ်ဆိုင်ရာနှင့်ရင်းနှီးမြှုပ်နှံမှုကို အခြေခံပြီးအုပ်စုခွဲသည်။ လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional classification)ဖြင့် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများအတွက် သက်ဆိုင်ရာ လုပ်ငန်းများအလိုက် ဆောင်ရွက်ရာများကို သိရှိနားလည်စေနိုင်သည်။ရင်းနှီး မြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic classification)သည်စီမံချက်ကိုအကဲဖြတ်ရာတွင် စီးပွားရေးအကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ ငွေလုံးငွေရင်းအသုံးစရိတ်၊ စွမ်းဆောင်ရည်မြှင့်တင် ရေး၊လူသားချင်းဆိုင်ရာထောက်ပံ့မှုတို့ကို ခွဲခြားသိရှိစေရန် အထောက်အကူ ပြုသည်။

လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional Classification)ဝန်ကြီးဌာနများ၊ ဦးစီးဌာနများကယင်းတို့၏လုပ်ငန်း တာဝန်များ အလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍအပိုင်းအခြားများကို သိရှိစေ

နိုင်သည်။ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Economic classification) တွင်

- သာမာန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့ တို့ပါဝင်သည်။

**(ဂ) ဦးစားပေးစီမံချက်များ**

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြားစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များ ဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကိုရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာအကူအညီများ ရရှိရန်လည်းလိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်

## ဦးစားပေးစီမံချက်များ

| ကဏ္ဍ/ကဏ္ဍခွဲ | စီမံချက် | ရမှတ်ပေါင်း | ဦးစားပေးဖော်ပြချက် အဆင့် | မှတ်ချက် |
|---|---|---|---|---|
| **အခြေခံအဆောက်အဦ** | | | | |
| | ၁။ကျေးရွာစုဝေးခန်းမဆောက်တည် ဆောက်ခြင်း | ၅၀ | ၁ | |

ကျေးရွာစုဝေးခန်းမဆောက်တည်ဆောက်နိုင်ရေးအတွက် မြို့နယ်ကျေးလက်ဦးစီးဌာနမှ ရန်ပုံငွေနှင့် နည်းပညာထောက်ပံ့ပေးပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ဦးစီးချိတ်ဆက်ဆောင်ရွက်သွားမည်။

| | | | | |
|---|---|---|---|---|
| **လမ်း/တံတား** | | | | |
| | **၂။ရွာတွင်းလမ်းပေါ်ရှိဥရုချောင်းကူး တံတားတည်ဆောက်ခြင်း** | ၄၅ | ၂ | |

**ရွာတွင်းလမ်းပေါ်ရှိ ဥရုချောင်းကူးတံတားတည်ဆောက်နိုင်ရေးအတွက် သက်ဆိုင်ရာဦးစီးဌာနများနှင့် ချိတ်ဆက်၍ ရန်ပုံငွေရရှိနိုင်ရေး ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ဦးစီးချိတ်ဆက်ဆောင်ရွက်သွားမည်။**

စိုက်ပျိုးရေး

| | | |
|---|---|---|
| ၃။စိုက်ပျိုးရေးအတွက်ဓါတ်မြေဩဇာ ပိုးသတ်ဆေးများလုံလောက်စွာရရှိရေး | ၃၀ | ၃ |

ဓါတ်မြေဩဇာ၊ပိုးသတ်ဆေးများလုံလောက်စွာရရှိနိုင်ရေးအတွက် သက်ဆိုင်ရာ စိုက်ပျိုးရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။

---

လျှပ်စစ်မီး

| | | |
|---|---|---|
| ၄။လျှပ်စစ်မီးရရှိရေး | ၂၅ | ၄ |

လျှပ်စစ်မီးရရှိနိုင်ရေးအတွက် သက်ဆိုင်ရာ မြို့နယ်လျှပ်စစ်ရုံးနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။

---

စိုက်ပျိုးရေး

| | | |
|---|---|---|
| ၅။စိုက်ပျိုးရေးဆိုင်ရာနည်းပညာအသိ ပညာပေးဟောပြောပွဲကျင်းပနိုင်ရေး | ၂၄ | ၅ |

စိုက်ပျိုးရေးဆိုင်ရာနည်းပညာ၊ အသိပညာပေးဟောပြောပွဲကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာ စိုက်ပျိုးရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။

---

ကျန်းမာရေး

| | | |
|---|---|---|
| ၆။ကျေးလက်ကျန်းမာရေးဆေးပေးခန်း တည်ဆောက်ခြင်း | ၂၃ | ၆ |

ကျေးလက်ကျန်းမာရေးဆေးပေးခန်းဆောက်လုပ်နိုင်ရေးအတွက် ရန်ပုံငွေများရရှိနိုင်ရေးအတွက် ကျေးရွာဖွံ့ဖြိုးရေးကော်မတီနှင့် မြစိမ်းရောင်ကော်မတီတို့မှ ချိတ်ဆက်ဆောင်ရွက်သွားမည်။

---

ကျန်းမာရေး

| | | |
|---|---|---|
| ၇။(သားဖွားသင်တန်း)ဆရာမဖြစ် သင်တန်းတက်ရောက်နိုင်ရေး | ၂၂ | ၇ |

(သားဖွားသင်တန်း)ဆရာမဖြစ်သင်တန်းတက်ရောက်နိုင်ရေးအတွက် ကျေးရွာမှ စိတ်ပါဝင်စားသော လူငယ်အမျိုးသမီး(၂)ဦးအား ရွေးချယ်၍ သက်ဆိုင်ရာ ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနနှင့် ချိတ်ဆက်၍ ဆောင်ရွက်သွားမည်။

---

အခြား

| | | |
|---|---|---|
| ၈။ကျေးရွာစာကြည့်တိုက်တည် ဆောက်ခြင်း | ၂၁ | ၈ |

ကျေးရွာစာကြည့်တိုက်တည်ဆောက်နိုင်ရေးအတွက် ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ဦးဆောင်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ချိတ်ဆက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်။

အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်း

၉။အသက်မွေးဝမ်းကျောင်းသင်တန်း ၂၀ ၉

(ချည်ထိုးလက်မှုအလုပြင်)

မြို့နယ်ကျေးလက်ဦးစီးဌာနနှင့်ချိတ်ဆက်၍ သင်တန်းအား ကျေးရွာမှ စိတ်ပါဝင်စားပြီး အမှန်တကယ် တက်ရောက်နိုင်မည့် အမျိုးသမီးများအား ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ရွေးချယ်၍ ဆောင်ရွက်သွားမည်။

---

**လမ်း/တံတား**

**၁၀။ကျေးရွာတွင်းလမ်းအဆင့် ၁၈ ၁၀**

**မြှင့်တင်ခြင်း**

**ကျေးရွာတွင်းလမ်းအဆင့်မြှင့်တင်နိုင်ရေးအတွက် သက်ဆိုင်ရာဦးစီးဌာနများနှင့် ချိတ်ဆက်၍ ရန်ပုံငွေရရှိနိုင်ရေး ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ဦးစီးချိတ်ဆက်ဆောင်ရွက်သွားမည်။**

---

## (ဃ) အကောင်အထည်ဖော်မည့်အချိန်ကာလ

အောက်ပါဇယားတွင် လုပ်ငန်းစတင်ရန်၊ ပြီးဆုံးရန်ခန့်မှန်းဖော်ပြထားသည့် ဦးစားပေးစီမံချက်များ၏ အချိန်ဇယားကို ဖော်ပြထားပါသည်။ ဤအစီအစဉ်ကို နှစ်အလိုက်လိုအပ်သလို ဖြည့်စွက်ပြင်ဆင်ပြီး နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲရာတွင်လည်း ထည့်သွင်းပေးမည်။

| စီမံချက် | အဆင့် | ၂၀၂၃ | ၂၀၂၄ | ၂၀၂၅ | ၂၀၂၆ | ၂၀၂၇ |
|---|---|---|---|---|---|---|
| ၁။ ကျေးရွာစုဝေးခန်းမဆောင်တည်ဆောက်ခြင်း | ၁ | ì | | | | |
| ၂။ ရွာတွင်းလမ်းပေါ်ရှိဥရုချောင်းကူးတံတားတည်ဆောက်ခြင်း | ၂ | | ì | ì | ì | ì |
| ၃။ ခါတ်မြေဩဇာ၊ပိုးသတ်ဆေးများလုံလောက်စွာရရှိရေး | ၃ | ì | | | | |
| ၄။ လျှပ်စစ်မီးရရှိရေး | ၄ | | ì | ì | | |
| ၅။ စိုက်ပျိုးရေးဆိုင်ရာနည်းပညာ၊အသိပညာပေးဟောပြောပွဲ ကျင်းပခြင်း | ၅ | | ì | ì | | |
| ၆။ ကျေးလက်ကျန်းမာရေးဆေးပေးခန်းတည်ဆောက်ခြင်း | ၆ | | ì | ì | ì | ì |
| ၇။ (သားဖွားသင်တန်း)ဆရာမဖြစ်သင်တန်းတက်ရောက်နိုင်ရေး | ၇ | | ì | | | |
| ၈။ ကျေးရွာစာကြည့်တိုက်တည်ဆောက်ခြင်း | ၈ | | ì | ì | ì | ì |
| ၉။ အသက်မွေးဝမ်းကျောင်းသင်တန်း(အိမ်တွင်းမှုအလှပြင်) | ၉ | | ì | | | |
| ၁၀။ ကျေးရွာတွင်းလမ်းအဆင့်မြှင့်တင်ခြင်း | ၁၀ | | ì | ì | ì | ì |

## ၉။ ဘတ်ဂျတ်နှင့် ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင် ဖော်ပြထားသောစီမံချက်အလိုက်ဘတ်ဂျတ်ပမာဏများသည် ရည်ညွှန်းနမူနာ (Indicative)ဖြစ် ကိုးကာရန် ပမာဏသာ ဖြစ်ပါသည်။ အမှန်တကယ်လိုအပ်သော ဘတ်ဂျတ်ပမာဏတွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီသည် အချို့စီမံချက်များကိုရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ဝန်ဆောင်မှုပေးသည် လုပ်ငန်းများထံမှ ဘတ်ဂျတ်အပါအဝင် စီမံချက်ပြုစုရေးဆွဲရေး အကူအညီများရရှိရန်လည်းလိုအပ်ပါသည်။ ဖော်ပြထားသော ရည်ညွှန်းဘတ်ဂျတ်ပမာဏတွင် ကျေးရွာလူထု၏ငွေသားမဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖော်ပြထားခြင်းမရှိပါ။ (ငွေသားမဟုတ်သော ထည့်ဝင်မှု၊ ဥပမာ–လုပ်အား၊ သဲ၊ ကျောက်၊ ပစ္စည်း ကိရိယာ၊ အချိန် စသည်)

**၁၀။ ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ**

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ကျေးရွာလူထုက ဦးဆောင်အကောင်အထည်ဖော်မည် ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှ ကျေးရွာတွင် တာဝန်ရှိပါသည်။

**(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ**

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သောစီမံကိန်းလုပ်ငန်းများကိုအထိရောက်ဆုံး အကောင်အထည်ဖော်ရန် တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏ တာဝန်ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကို အဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကောမတီအသီးသီးအား တာဝန်များ ခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာ စီမံကိန်းများဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ– စိုက်ခင်းသမားအဖွဲ့သည် စိုက်ပျိုးရေး သွင်းအားစုများသယ်ယူခွင့် ထောက်ခံချက် ရရှိရန် တာဝန်ယူဆောင်ရွက်စေ၍ လူငယ်အဖွဲ့က လူငယ်များ မူးယစ်ကင်းစင်ပြီး အသိပညာဗဟုသုတပြည့်ဝစေရန် တာဝန်ယူဆောင်ရွက်စေခြင်း ဖြစ်ပါသည်။

## (ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများအကောင်အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှုတာဝန်ယူဆောင်ရွက်သော်လည်း အခြားသော ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ်ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ်နိုင်သော အကူအညီများရယူဆောင်ရွက်ရန် ဖြစ်ပါသည်။ ဥပမာ––စိုက်ခင်းသမားအဖွဲ့သည် စိုက်ပျိုးရေးဆိုင်ရာ သွင်းအားစုများသယ်ယူခွင့်ထောက်ခံချက်ရရှိစေရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရပါမည်။ လူငယ်အဖွဲ့သည်လည်း လူငယ်ရေးရာ ဖွံ့ဖြိုးလာစေရန် မြို့နယ်ပြန်/ဆက်ဦးစီးဌာနများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ နှင့်ချိတ်ဆက်၍ အကူအညီများရယူရပါမည်။

### (ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစားများဖော်ပြရာတွင် တင်ဒါခေါ်ယူ ဆောင်ရွက်ရမည့်ကိစ္စများကိုလည်းတွေ့ရပါမည်။ ဤလုပ်ငန်းအမျိုး အစားများအတွက်အောက်ပါအဖွဲ့အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာ အမှန်ပင်လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာ ဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့်အဖွဲ့များ (နိုင်ငံတကာဖွံ့ဖြိုးမှုများအဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိက အဖွဲ့အစည်းများ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများကစီမံကိန်းလုပ်ငန်းတွင် ဖော်ပြထားသော သတ်သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည် ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန် တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီကပေးထားသောအဖွဲ့၏ တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသော ကော်မတီကိုဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ်ပူးပေါင်းဆောင်ရွက်ပါမည်။

**(ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာအစီအမံများ**

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းများတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေးအစီအစဉ်များထားရှိမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်း လုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခကောက်ခံခြင်း၊ စေတနာအလျောက်ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်းတို့ကိုဆောင်ရွက်မည်။ ထို့အပြင် တံတားပေါ် ဖြတ်သန်းသွားလာသယ်ယူမည့် ပစ္စည်းများ၏ပမာဏကို ကန့်သတ်ခြင်းကဲ့သို့သော စည်းကမ်းများ သတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက်သက်ဆိုင်ရာကော်မတီ၊ အဖွဲ့အားတာဝန်အပ်နှင်းဆောင်ရွက်မည်ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင်ထိန်းသိမ်းရေးအတွက် လမ်းကော်မတီ၊ စာသင်ကျောင်းပြုပြင်ထိန်းသမ်းရေးအတွက် မိဘဆရာအသင်းစသည်ဖြင့် ဆောင်ရွက်ပါမည်။

**၁၁။ စီမံကိန်းအားစဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း**

ကျွန်ုပ်တို့၏ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်ရာတွင် တိုးတက်မှုအခြေအနေများအား စနစ်တကျကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ်မှုစစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းများကို ရိုးရှင်းလွယ်ကူသောနည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေးအကဲဖြတ်သည့် လုပ်ငန်းပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်ထည်ဖော်သော နည်းလမ်းကိုလက်ကိုင်ကျင့်သုံးသည့် အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြီးကြပ်စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိအဖွဲ့အစည်းများ၊ အိမ်ထောင်စုများတက်ကြွစွာ အတူပူးပေါင်းဆောင်ရွက်ရန် ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သောအဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်နည်းများတည်ဆောက်ပါမည်။

## (က) ကြီးကြပ်စစ်ဆေးခြင်း (Monitoring)

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု ( Physical Progress)နှင့် ငွေကြေးဆိုင်ရာ တိုးတက်မှု (Financial Progress) တို့ကိုစနစ်တကျ ကြီးကြပ်စစ်ဆေးပါမည်။ ၄င်းစစ်ဆေးခြင်းကို (၃)လပတ် ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့် အဖွဲ့အသီးသီးသည် ၄င်းတို့၏ကြီးကြပ်စစ်ဆေးတွေ့ရှိရ အစီရင်ခံစာ (monitoring report)ကို ရွာလူထုအစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက်ညှိနှိုင်းဆောင်ရွက်ရမည့် ကိစ္စများကိုကျေးရွာဖွံ့ဖြိုးမှုကော်မတီမှ ဦးဆောင်ပါမည်။ (၃)လပတ် ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာသည် အောက်ပါအချက် များအပေါ်ဦးတင်ပါမည်–

(၁) လုပ်ငန်းပိုင်ဆိုင်ရာတိုးတက်မှု (Physical progress)

- စီမံကိန်းလုပ်ငန်းများ လုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ၊

- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသောအခက်အခဲအဟန့်အတားများနှင့် ပြုပြင်သင့်သော အဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သောဖွံ့ဖြိုးရေးဗျူဟာနှင့် စီမံကိန်းများ၊

(၂) ငွေကြေးဆိုင်ရာ တိုးတက်မှု (Financial progress)

- ငွေသားနှင့်ငွေသားမဟုတ်သောအရင်းအနှီးလိုအပ်ချက်များစုစည်းပြီးစီးမှု (မူလလျာထားချက်နှင့် နှိုင်းယှဉ်၍)၊
- (၃)လပတ်ကုန်တွင် ရှိသော ငွေသားနှင့် အခြားပစ္စည်းလက်ကျန်၊
- ငွေသားနှင့်ငွေသားမဟုတ်သောအရင်းအမြစ်များစုဆောင်းရာတွင် ကြုံတွေ့နေရသော အခက်အခဲများ၊ ပြဿနာများ၊
- ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် (၃)လပတ်ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာ အနှစ်ချုပ်ကို ပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာကျေးရွာ အုပ်စုဥက္ကဋ္ဌနှင့် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံပေးပို့ပါမည်။ အစီရင်ခံစာသည် စာမျက်နှာ ၂မျက်နှာ၊ ၃မျက်နှာခန့်ပါဝင်၍ အောက်ပါ အချက်များကို အဓိကထားဖေါ် ပြပါမည်။ ၎င်းအစီရင်ခံစာတွင် အခက်အခဲနှင့်ရင်ဆိုင်သောကျော်လွှာမှုများ၊ ကျေးရွာသူ/သားများ ပြုပြင်ပြောင်းလဲ ဆောင်ရွက်မည့် အစီအစဉ်များ၊ လိုအပ်သောအကူအညီ အထောက်အပံ့များ စသည်တို့ပါဝင်သည်။

## (ခ)နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အကဲဖြတ်ပွဲ

စီမံကိန်းကာလနှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏တိုးတက်မှုအခြေအနေကို ဘက်စုံရှုထောင့်မှ ပြန်လည်သုံးသပ် အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ် လည်သုံးသပ်ပွဲ၏ ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့ ဆောင်ရွက်သော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများကို အောက်ပါအဖွဲ့အစည်း/ ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ကျေးရွာက ဖိတ်ကြားအသိပေးတင်ပြနိုင်သော အခွင့်အလမ်းဖန်တီးနိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြားမည့်အဖွဲ့အစည်းများမှာ–

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးနှင့်အခြားသက်ဆိုင်ရာ အဖွဲ့အစည်းများ (ငွေကြေးထည့်ဝင်သူများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ)၊ သတင်းမီဒီယာများ၊ ဖွံ့ဖြိုးရေးအဖွဲ့အစည်း များ စသည်တို့ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲမှ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အခြားပါဝင် သက်ဆိုင်သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များရယူနိုင် သောအခွင့်အလမ်းကို ရရှိပါမည်။ ဤအကြံပြုချက်များဖြင့် ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို ပြန်လည်ပြုပြင်ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

**(၁) ကျေးရွာလူမှုရေးစီးပွားရေးဆိုင်ရာအချက်အလက်များ**

**(၁.၁) လူဦးရေနှင့်လူဦးရေဆိုင်အချက်အလက်**

ဇယား(၁) နန့်စန်း(၁)ကျေးရွာ၏ လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

| **အသက်အုပ်စု ဖွံ့ဖြိုးရေးအမြင်အရခွဲခြားထားပုံ** | **ကျား** | **မ** | **စုစုပေါင်း** | **စုစုပေါင်း၏%** |
|---|---|---|---|---|
| ၁နှစ်အောက် | ၅ | ၃ | ၈ | ၂.၆% |
| ၁နှစ် မှ ၅နှစ် | ၁၀ | ၉ | ၁၉ | ၆.၁% |
| ၅နှစ် မှ ၉နှစ် | ၆ | ၁၇ | ၂၃ | ၇.၄% |
| ၁၀နှစ် မှ ၁၄နှစ် | ၁၅ | ၁၄ | ၂၉ | ၉.၃% |
| ၁၅နှစ် မှ ၆၄နှစ် | ၁၁၂ | ၁၀၉ | ၂၂၁ | ၇၁.၈% |
| ၆၄နှစ် နှင့်အထက် | ၅ | ၇ | ၁၂ | ၃.၈% |
| **စုစုပေါင်း** | **၁၅၃** | **၁၅၉** | **၃၁၂** | **၁၀၀%** |

**အိမ်ထောင်စုပေါင်း=၈၀** **တစ်အိမ်ထောင်လူဦးရေ= ၄**

ရည်ညွှန်း . . . ကျေးရွာအခြေအနေကို ကျေးရွာသူ/ကျေးရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ

**(၁.၂) လုပ်သားအင်အား**

ဇယား(၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်း ကဏ္ဍများ | အဓိက အလုပ်အကိုင် အိမ်ထောင်စု | % | တွဲဖက် အလုပ်အကိုင် | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | **စိုက်ပျိုးရေး (သီးနှံထုတ်လုပ်ရေး)** | | | | |
| | • ကိုယ်ပိုင်လုပ်ငန်း | ၄၇ | ၇၅.၇၄**%** | မွေးမြူရေး | စိမ့်စမ်းရေမှ ပိုက်ဖြင့်သွယ်ယူရရှိသည့် စိုက်ပျိုးရေဖြင့် ရာသီ ရာသီလိုက်သီးနှံစိုက်ခင်းများ စိုက်ပျိုးပြီး အဓိကအားဖြင့် မုန်ညှင်း၊ကိုက်လန်၊စတော်ပဲ၊နှင့်ကြံများကို စိုက်ပျိုးကြသည်။ |
| | • အလုပ်သမား၊ကျပန်း | ၄ | ၂.၉၇**%** | | စိုက်ပျိုးရေးလုပ်ငန်းများတွင် စာရင်းငှားဖြင့် လုပ်ကိုင် |

ရာသီလိုက် အလုပ်သမား
သီးနှံများခူးချိန်ကာလတွင် နေ့စား

ဆောင်ရွက်ကြပြီး

အလုပ်များ လုပ်ကိုင်ကြသည်။

- မိသားစုဝင်လုပ်အား
စိုက်ပျိုးရေးလုပ်ငန်းများ

အိမ်ထောင်စုအားလုံးနီးပါးသည်

အား အလုပ်သမားရှားပါးသဖြင့်

မိသားစုဝင်များဖြင့်သာ

လုပ်ကိုင်ကြသည်။

---

ဤအချက်အလက်နှင့်ပတ်သက်ပြီး
ကိန်းကဏန်းစာရင်း မကောက်ယူခဲ့ပါ။

## ၂ **တိရစ္ဆာန်မွေးမြူရေး**

- ကိုယ်ပိုင်လုပ်ငန်း ၂ ၄.၄၅%
စိုက်ပျိုးရေးကြက်၊ဘဲ၊ဝက်၊များသာမွေးမြူကြပြီး ဝက်မွေးမြူရေး
လုပ်ငန်းဖြင့် ဝင်ငွေရှာဖွေကြသည်။

- အလုပ်သမား၊ကျပန်း၊
ရာသီအလိုက် အလုပ်သမား

- မိသားစုဝင်လုပ်အား

၃ **ငါးဖမ်းလုပ်ငန်း**

- ကိုယ်ပိုင်လုပ်ငန်း ၁ ၀.၅% တစ်အိမ်ထောင်စုသာ ငါးလုပ်ငန်းမွေးမြူပြီး
  ဝင်ငွေရှာဖွေသည်။
- အလုပ်သမား၊ ကျပန်း
  ရာသီအလိုက်အလုပ်သမား
- မိသားဝင်လုပ်အား

၄ **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝအရင်းအမြစ်များ ထုတ်လုပ်ခြင်း**

- ကိုယ်ပိုင်လုပ်ငန်း
- အလုပ်သမား၊ ကျပန်း ၂ ၁% ကျေးရွာအနီးရှိ မှော်နယ်မြေများတွင် ရေမဆေးကျောက်
  ရှာခြင်းဖြင့် ဝင်ငွေရှာဖွေသည်။
  ရာသီအလိုက်အလုပ်သမား
- မိသားဝင်လုပ်အား

၅ **ထုတ်ကုန်လုပ်ငန်း**

- ကိုယ်ပိုင်လုပ်ငန်း
- အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား
- နေ့စားလုပ်သား

---

၆ **လျှပ်စစ်၊ ဘာဘာဝဓါတ်ငွေ့နှင့်ရေဖြန့်ဝေရေးလုပ်ငန်း**

- ကိုယ်ပိုင်လုပ်ငန်း
- အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား
- မိသားစုဝင်လုပ်အား

---

၇ **ဆောက်လုပ်ရေးလုပ်ငန်း**

- ကိုယ်ပိုင်လုပ်ငန်း ၁ ၀.၅**%** လက်သမား–၁ဦးသာ လက်သမားလုပ်ငန်းဖြင့် ဝင်ငွေ ရှာဖွေသည်။
- အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား
- မိသားစုဝင်လုပ်အား

**၈ ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး**

- ကိုယ်ပိုင်လုပ်ငန်း ၁ ၀.၅**%** ဆိုင်ကယ် ပြင်ဆိုင် – ၁ ဆိုင်ရှိပြီး ကျေးရွာ၌ မော်တော်

ဆိုင်ကယ်

အသုံးပြုသုံးများပြားလာသဖြင့် အသင့်အတင့်

အလုပ်ဖြစ်သည်။

- အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား
- မိသားစုဝင်လုပ်အား

**၉ ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**

- ကိုယ်ပိုင်လုပ်ငန်း
- အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား
- မိသားစုဝင်လုပ်အား

၁၀ **လက်လီ–လက်ကား ရောင်းဝယ်ရေး**

- ကိုယ်ပိုင် လုပ်ငန်း ၁၂ ၁၄.၃၄**%** လက်လီဆိုင် ၂၈ဆိုင်ရှိပြီး ဆိုင်များတွင် ကုန်မျိုးစုံ၊

စားကုန်၊ ကုန်စိမ်း၊

ကွမ်းယာဆိုင်စသည်တို့ ပါဝင်သည်။

- အလုပ်သမား၊ ကျွပန်း
  ရာသီအလိုက် အလုပ်သမား
- မိသားစုဝင်လုပ်အား

---

၁၁ **ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း**

- ကိုယ်ပိုင်လုပ်ငန်း
- အလုပ်သမား၊ ကျွပန်း၊
  ရာသီအလိုက် အလုပ်သမား
- မိသားစုဝင်လုပ်အား

---

၁၂ **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**

- ကိုယ်ပိုင်လုပ်ငန်း
- အလုပ်သမား၊ ကျွပန်း၊
  ရာသီအလိုက် အလုပ်သမား
- မိသားစုဝင်လုပ်အား

**၁၃ ငွေချေးဝန်ဆောင်မှုလုပ်ငန်း (ဘဏ်နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**

- ကိုယ်ပိုင်လုပ်ငန်း
- အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား
- မိသားစုဝင်လုပ်အား

၁၄ **အိမ်ခြံမြေရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သောလုပ်ငန်းများ**

- ကိုယ်ပိုင်လုပ်ငန်း
- အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား
- မိသားစုဝင်လုပ်အား

၁၅ **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**

- ကိုယ်ပိုင်လုပ်ငန်း
- အလုပ်သမား၊ ကျပန်း၊
  ရာသီအလိုက် အလုပ်သမား
- မိသားစုဝင်လုပ်အား

---

၁၆ **ပညာရေး**

- ကိုယ်ပိုင်လုပ်ငန်း
- အလုပ်သမား၊ ကျပန်း၊
  ရာသီအလိုက် အလုပ်သမား
- မိသားစုဝင်လုပ်အား

---

၁၇ **ကျန်းမာရေး**

- ကိုယ်ပိုင်လုပ်ငန်း
- အလုပ်သမား၊ ကျပန်း၊
  ရာသီအလိုက် အလုပ်သမား
- မိသားစုဝင်လုပ်အား

---

၁၈ **လူမှုရေးလုပ်ငန်းများ**

- ကိုယ်ပိုင်လုပ်ငန်း

- အလုပ်သမား၊ ကျပန်း၊
  ရာသီအလိုက် အလုပ်သမား
- မိသားစုဝင်လုပ်အား

၁၉ **အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ (အထက်ဖော်ပြပါလုပ်ငန်းများမှအပ)**

- ကိုယ်ပိုင်လုပ်ငန်း
- အလုပ်သမား၊ ကျပန်း၊
  ရာသီအလိုက် အလုပ်သမား
- မိသားစုဝင်လုပ်အား

၂၀ **ပြင်ပ အဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**

- ကိုယ်ပိုင်လုပ်ငန်း
- အလုပ်သမား၊ ကျပန်း၊
  ရာသီအလိုက် အလုပ်သမား
- မိသားစုဝင်လုပ်အား

| | | |
|---|---|---|
| **စုစုပေါင်း** | **၉၀** | **၁၀၀%** |

ရည်ညွှန်း . . . ကျေးရွာအခြေအနေကို ကျေးရွာသူ/ကျေးရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ

**(၁.၃)စိုက်ပျိုးနိုင်သောမြေဧရိယာ**

**(၁.၃.၁)ကျေးရွာ၏စိုက်ပျိုးမြေဧရိယာ(မြေအသုံးချမှု)**

ဇယား (၃) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု

| **မြေအမျိုးအစား (ရေရရှိသည့်နေရာ/ရေပေး နိုင်သည့်ဧက)** | **ဧရိယာ ဧက** | **မြေဆီလွှာအရည်အသွေး ကောင်း/သင့်/ညံ့** | **ဆည်ရေရရှိမှု (ရ/မရ/အနည်းကျဉ်း)** | **ရေအရင်းအမြစ်** |
|---|---|---|---|---|
| လယ်မြေ | - | - | - | - |
| ယာမြေ | ၄၈.၅ | သင့် | မရရှိ | ကျေးရွာအနီးရှိချောင်းရေများမှစိမ့်စမ်းရေများမှ ရေပိုက်များဖြင့်သွယ်ယူရရှိ |
| ဥယျာဉ်ခြံမြေ | ၆၇ | သင့် | မရရှိ | |
| ကိုင်း/ကျွန်းမြေ | - | - | - | - |
| ဓနိတောမြေ | - | - | - | - |
| မြေလွတ်/လပ် | - | - | - | - |

| | | | | |
|---|---|---|---|---|
| သစ်တောမြေ | - | - | - | - |
| **စုစုပေါင်း** | ၁၁၅.၅ | - | - | - |

ရည်ညွှန်း . . ကျေးရွာအခြေအနေကို ကျေးရွာသူ/ကျေးရွာသားများ ကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ

### (၁.၃.၂) ခါတ်သတ္တုနှင့်အခြားဘဘာဝအရင်းအမြစ်များ

ဇယား (၄) ခါတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ

| **အမျိုးအစား** | **ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ)** | **လက်လှမ်းမှီနိုင်မှု (လွယ်/ခက်/လက်လှမ်းမှီ)** |
|---|---|---|
| ကာဗွန် (ခါတ်ငွေ့/ရေနံ) | - | - |
| ခါတ်သတ္တု(ကျောက်မျက်၊သတ္တု၊ကျောက်၊ကျောက်မီးသွေး၊သဲ)စသည့် | | သင့် သင့် |
| **အခြားသဘာဝအရင်းအမြစ်** | | |
| တိရစ္ဆာန်မျိုးစိတ်များ | - | - |
| အပင်မျိုးစိတ်များ (နွားစာ၊ ဆေးဘက်ဝင် | နည်း | ခက် |

အပင်များ)

ရည်ညွှန်း . . ကျေးရွာအခြေအနေကို ကျေးရွာသူ/သားများ ကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ

**မှတ်ချက်။** ကျေးရွာအနီးပတ်ဝန်းကျင်ကျေးရွာများတွင် ကျောက်မျက်ထွက်ရှိသော်လည်း ကျေးရွာတွင် ထွက်ရှိခြင်းမရှိပါ။ ချောင်းဘေးရှိ သဲတစ်မျိုးသာ ထုတ်ယူရရှိသည်။ ဆေးဘက်ဝင်အပင်မျိုးစိတ်များ ရှိသော်လည်း တောတောင်ထဲ ရယူနိုင်ရန် ခက်ခဲသည်။

## (၁.၄) ဥစ္စာဓနအဆင့်အနေအထား

ဇယား (၅) ဥစ္စာဓနအဆင့်အခြေအနေ

| | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| **အကြောင်းအရာ** | **အဆင်ပြေသော အိမ်ထောင်စု** | **အလယ်အလတ်ရှိ အိမ်ထောင်စု** | **ဆင်းရဲသော အိမ်ထောင်စု** | **အလွန်ဆင်းရဲသော အိမ်ထောင်စု** |
| မြေယာပိုင်ဆိုင်မှု | ၅ဧကနှင့်အထက် | | ၃ဧကနှင့်၁၀ဧကကြား | |
| ၃ဧကအောက် | မပိုင် | | | |

အိမ်အခြေအနေ နှစ်ထပ်၊သစ်သားခင်း၊ သစ်သားခင်း၊သစ်သားကာ၊

သစ်သားခင်း၊ဝါးထရံခင်း ကြမ်းခင်း၊ဝါးထရံကာ၊

သစ်သားကာ၊သွပ်မိုး ဝါးထရံကာ၊သွပ်မိုး ဝါးထရံကာ၊သွပ်မိုး၊ မိုးကာမိုး၊သွပ်မိုး

လုပ်ငန်းသုံးကိရိယာ လက်တွန်းထွန်စက်၊ လက်တွန်းထွန်စက်၊ရေစုပ်

ရေစုပ်စက်၊မြက်ရိတ်စက် မပိုင်

ပိုင်ဆိုင်မှု ရေစုပ်စက်၊မြက်ရိတ်စက် စက်၊ မြက်ရိတ်စက်

ကုန်ထုတ်လုပ်မှုနှင့်မဆိုင်သော - - - -

ပိုင်ဆိုင်မှု

အဓိကစီးပွားရေးလုပ်ငန်း၊ ဈေးဆိုင်၊ငွေတိုးချေးစားသူ ဈေးရောင်း ကျပန်းအလုပ် ကျပန်းအ

တစ်နှစ်ဝင်ငွေ

အခြားပိုင်ဆိုင်မှု ကား၊ဆိုလာ၊ဖုန်း၊တီဗီ၊ဖုန်း၊တီဗီ၊သုံးဘီဆိုင်ကယ် ဖုန်း၊ဆိုလာ၊တီဗီ၊ ဖုန်း၊ဆိုလ

မော်တော်ဆိုင်ကယ်၊ဒီဇယ် မော်တော်ဆိုင်ကယ်၊ဆိုလာ

မော်တော်ဆိုင်ကယ် မော်တော်ဆိုင်ကယ်

အင်ဂျင်၊သုံးဘီးဆိုင်ကယ်၊

---

ရည်ညွှန်း . . ကျေးရွာအခြေအနေကို ကျေးရွာသူ/သားများ ကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ

## (၁.၅) ထိခိုက်လွယ်မှု

### (၁.၅.၁) ဝမ်းစာဖူလုံမှု

ဆင်းရဲအိမ်ထောင်စုနှင့် အလွန်ဆင်းရဲအိမ်ထောင်စုပေါင်း၏ ၃ဝ%ဖြစ်သော ဆင်းရဲသောအိမ်ထောင်စုနှင့်အလွန်ဆင်းရဲသောအိမ်ထောင်စု (၃၂)စု တို့ကို တွေ့ဆုံဆန်းစစ်မှုအရ ၆%ဖြစ်သော အိမ်ထောင်စု ( ၂ )သည် သူတစ်ပါးထံမှမချေးမငှားပဲ နပ်မှန်မစားသောက်နိုင်ကြောင်းတွေ့ရှိရပါသည်။

ဇယား (၆) နန့်စန်း(၁)ကျေးရွာ၏ ဝမ်းစာဖူလုံမှုအခြေအနေ

| ကာလ | အိမ်ထောင်စုအရေအတွက် | % | ဖြေရှင်းကျော်လွှားပုံ |
|---|---|---|---|
| ၃လအောက် | ၇ | ၂၂% | ရိက္ခာအတွက် ကြိုတင်ငွေချေးယူကာ လုပ်အားခရလျှင်ရချင် ပြန်လည်ပေးဆပ်ရသည်။ |
| ၃လမှ၆လ | ၁၃ | ၄၀.၇% | ရိက္ခာအတွက် ကြိုတင်ငွေချေးယူကာ လုပ်အားခရလျှင်ရချင် ပြန်လည်ပေးဆပ်ရသည်။ |

| | | |
|---|---|---|
| ဖေလမှ၁၂လ | ၁၀ | ၃၁.၃% ရိက္ခာအတွက် ငွေချေးယူကာ အလုပ်မှ (သို့)မွေးမြူရေးတိရစ္ဆာန်ရောင်းခရသည့်ဝင်ငွေများဖြင့် |

ပြန်လည်ပေးဆပ်ကြသည်။

ရည်ညွှန်း . . ကျေးရွာအခြေအနေကို ကျေးရွာသူ/သားများ ကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ

**(၁.၅.၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ**

<u>ဇယား (၇) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ</u>

| အကြောင်းအရာ | ရှင်းလင်းချက်/ဖော်ပြချက် | ကျား | မ | ပေါင်း |
|---|---|---|---|---|
| သက်ကြီးရွယ်အို ဖ၀နှင့်အထက် မသန်စွမ်းသည့်ပုဂ္ဂိုလ် | မိသားစုစောင့်ရှောက်မှုမရှိ | - | - | - |
| မိသားစု/ရပ်ကွက်၏စောင့်ရှောက်မှုမရှိ | - | - | - | |

**အိမ်ထောင်စုအရေအတွက်**

အမျိုးသမီးဦးဆောင်သောအိမ်ထောင်စု ဆင်းရဲ၍

မိသားစုဦးရေများ ၆

အမျိုးသားဦးဆောင်သောအိမ်ထောင်စု ဆင်းရဲ၍

မိသားစုဦးရေများ

ဆင်းရဲသည့် အိမ်ထောင်စု

အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်

လုပ်ကိုင်နေသူ –

ရည်ညွှန်း . . ကျေးရွာအခြေအနေကို ကျေးရွာသူ/သားများ ကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ

**(၁.၅.၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ**

ဇယား (၈) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု(နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|

၁ စားနပ်ရိက္ခာမဖူလုံမှု နိမ့် ဆင်းရဲအိမ်ထောင်စုအနည်းငယ်သည်

လုပ်အားမှဝင်ငွေဖြင့်

စားနပ်ရိက္ခာစရိတ်မဖူလုံမှုရှိတတ်သည်။

၂ သဘာဝအရင်းအမြစ်ရှားပါးမှု လတ်

စိုက်ပျိုးမြေများ ထပ်မံတိုးချဲ့ရန် မရရှိနိုင် အကန့်အသတ်ရှိ

(မြေ၊စိုက်ပျိုးရေ. . .) သည်။ စိမ့်စမ်းရေများ

နည်းပါးလာသဖြင့် စိုက်ပျိုးရေ

မလုံလောက်မှု ကြုံတွေ့လာသည်။

၃ ရေကြီးခြင်း လတ် ၂၀၁၅ခုနှစ်၊နောင်းပိုင်းနှစ်များတွင်

ကြီးမားသောရေလွှမ်း

မှု မရှိဘဲ၊မိုးတွင်းကာလတွင်

အနည်းငယ်ကြုံရတတ်သည်။

၄ မိုးခေါင်ခြင်း နိမ့် ကြီးမားသောမိုးခေါင်မှု မရှိသေးပါ။

၅ မုန်တိုင်း နိမ့် မုန်တိုင်းတိုက်ခတ်မှု အလွန်

နည်းပါးသည်။

၆ ငလျင် နိမ့် ကြီးမားသောထိခိုက်ခံစားမှုမရှိသေးပါ။

၇ မိုးဘေး နိမ့် ဖြစ်ပွားမှုအလွန်နည်းပါးသည်။

၈ ဆားငံရေဝင်မြေ - -

၉ မြေပြိုခြင်း၊မြေဆီလွှာပျက်ယွင်းမှု နိမ့်

စိုက်ခင်းမြေများတွင် ဓါတ်မြေသြဇာ ထည့်သွင်းစိုက်ပျိုးမှု

များပြားသဖြင့် စိုက်ပျိုးမြေဆီလွှာများ

ပျက်ယွင်းလာမှု

ကြုံတွေ့ရသည်။

၁၀ သစ်တောပြုန်းတီးခြင်း လတ်

သစ်လုပ်ငန်း၊ထင်းခုတ်ခြင်းများကြောင့် သစ်တောများ

လျော့နည်းလာမှု ရှိသည်။

၁၁ ငှက်ဖျားရောဂါ လတ်

ယခုနှစ်ပိုင်းတွင် ရောဂါဖြစ်ပွားမှု လျော့နည်းလာသည်။

၁၂ သွေးလွန်တုတ်ကွေးရောဂါ နိမ့် ရောဂါဖြစ်ပွားမှုနည်းပါးသည်။

၁၃ တီဘီရောဂါ နိမ့်

တီဘီရောဂါဖြစ်ပွားမှု မရှိသလောက်နည်းပါးသည်။

| | | | | | |
|---|---|---|---|---|---|
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | | နိမ့် | | |
| | ကျေးရွာသူ/သားများ ရောဂါဆိုင်ရာအသိအမြင်များ ရှိလာ | | | | |
| | | | သဖြင့် | | |
| | ရောဂါဖြစ်ပွားမှုလျော့နည်းလာသည်။ | | | | |
| ၁၅ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP) | | - | - | |
| ၁၆ | လူကုန်ကူးခြင်း | | | - | - |
| ၁၇ | ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေး | | | နိမ့် | |
| | ကျေးရွာသည် ဖားကန့်မြို့နှင့်(၄)မိုင်အကွာခန့်တွင် တည်ရှိ | | | | |
| | ခက်ခဲ စသည် | | | ကာ | |
| | လမ်းပန်းဆက်သွယ်ရေး အသင့်အတင့် ကောင်းမွန် | | | | |
| | | | သည်။ | | |
| ၁၈ | အခြား | - | - | | |

ရည်ညွှန်း . .  ကျေးရွာအခြေအနေကို ကျေးရွာသူ/သားများ ကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ

**(၁.၅.၄) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်အုပ်စု**

ဇယား (၉) ထိခုက်သက်ရောက်မှုခံရနိုင်သည့်အုပ်စု

| စဉ် | အမျိုးအစား | ထိခိုက်မှု(နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | လူငယ် | လတ် | လူငယ်လူရွယ်များသည် ကျေးရွာအနီးရှိ မှော်နယ်မြေများသို့ ကျောက်ရှာလုပ်ကိုင်ကြကာ အလွယ်တကူဝယ်ယူရရှိနိုင်သည့် အရက်နှင့် မူးယစ်ဆေးစွဲမှုတို့ ရှိတတ်သည်။ |
| ၂ | အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့်အိမ်ထောင်စု | လတ် | အလုပ်မရငွေဖြင့်မိသားစုဝမ်းစားမဖူလုံမှု ရှိတတ်သည်။ |
| ၃ | မြေယာမဲ့၊ဆင်းရဲသားတောင်သူ | လတ် | ပိုးမွှားရောဂါကျရောက်မှု၊ ကုန်ဈေးနှုန်းကြီးမြင့်မှု၊ သီးနှံ |

ထွက်ကုန်များဈေးနှုန်းလျော့ကျမှုတို့ကြုံတွေ့ရပါက ဝမ်းစာ မဖူလုံမှု ရင်ဆိုင်ရတတ်သည်။

| | | | |
|---|---|---|---|
| ၄ | ဘဘာ၀ဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သော | | နိမ့် |
| | ၂၀၁၅ခုနှစ်တွင်ကျေးရွာ၏အနိမ့်ပိုင်းတွင်ရှိ အိမ်ထောင်စု | | |
| | အိမ်ထောင်စု/ကူးစက်ရောဂါ ထူပြောသောဒေသ | | အချို့ |
| | ရေကြီးမှုဒဏ်ခံရသော်လည်း ယခုနှောင်းပိုင်းနှစ်များ | | |
| | တွင်နေထိုင်သူ | | ရေလွှမ်းမှု |
| | မရှိသလောက်လျော့နည်းလာသည်။ | | |
| ၅ | မြစ်ကမ်းဘေးနေလူထု | - | မရှိ။ |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသောနေရာ (Prone to accident) | - | မရှိ။ |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာပြောင်းခံရသူများ (IDP) | - | မရှိ။ |
| ၈ | မြေနိမ့်ပိုင်းနေထိုင်သူများ | - | မရှိ။ |
| ၉ | ငါးကန်ပိုင်ရှင် | - | မရှိ။ |

| | | | |
|---|---|---|---|
| ၁၀ | လက်လုပ်လက်စား၊ကျပန်း | လတ် | သီးနှံစိုက်ပျိုးရာသီတွင်သာအလုပ်အကိုင်ရရှိပြီး ကျန်ရာသီများတွင် အလုပ်အကိုင်ရှားပါးသဖြင့် ဝင်ငွေပုံမှန်မရရှိမှုကြောင့် ဝမ်းစာမဖူလုံမှု ရင်ဆိုင်ရတတ်သည်။ |
| ၁၁ | လူနည်းစုလူမျိုးများ | - | မရှိ။ |
| ၁၂ | ဒေသတွင်းပဋိပက္ခဧရိယာ | - | မရှိ။ |
| ၁၃ | နယ်စပ်ဒေသ | - | မရှိ။ |
| ၁၄ | ရွှေတွင်းလုပ်သား | - | မရှိ။ |
| ၁၅ | ဆေးစွဲသူများ | နိမ့် | မူးယစ်ဆေးစွဲသူများအတွက်လူငယ်ပြုပြင်ရေးစခန်းရှိ သော်လည်း ဆေးစွဲသူအချို့ ကျန်ရှိနေပါသည်။ |
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ | - | မရှိ။ |
| ၁၇ | လှည့်လည်သွားလာ၍ဈေးရောင်းသူများ | - | မရှိ။ |
| ၁၈ | ရွှေ့ပြောင်းလုပ်သားများ | - | မရှိ။ |
| ၁၉ | ကားသမား | - | မရှိ။ |
| ၂၀ | အခြား | - | မရှိ။ |

ရည်ညွှန်း . .   ကျေးရွာအခြေအနေကို ကျေးရွာသူ/သားများ ကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ

**(၂) ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ**

**(၂.၁) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများအခြေအနေ**

**(၂.၁.၁)ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ**

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေကို သိရှိခြင်းအားဖြင့် နိုင်ငံတော်နှင့်ဒေသဆိုင်ရာအဖွဲ့အစည်းများ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ချမှတ် အကောင်အထည်ဖော်ရာတွင် ပိုမိုကောင်းမွန်စေရန်များစွာ အထောက်အကူပြုနိုင်ပါသည်။ ကျေးရွာ၏ လက်ရှိရင်ဆိုင်နေရသော စိုက်ပျိုးရေး၊မွေးမြူရေး၊ အခြားစီးပွားရေးလုပ်ငန်းများ၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးပြဿနာများကိုပူးပေါင်းဖော်ထုတ်ပြီး၊ ကျေးရွာတွင်ရှိသော အရင်းအမြစ်များ၊ အခွင့်အလမ်းများကိုဖော်ထုတ်ကာ အကျိုးရှိစွာအသုံးချပြီး၊ သက်ဆိုင်ရာဌာနများနှင့် အစီအစဉ်ကျသောမူဝါဒချိတ်ဆက်မှုများ လုပ်ဆောင်သွားနိုင်ပါမည်။

ဇယား (၁၀) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား (၁/၂/၃) | အဖွဲ့ဝင်ဦးရေ ကျား | မ | ပေါင်း | လုပ်ငန်းတာဝန် | ဦးဆောင်ဖွဲ့စည်းသူများ(၄/၅) | စွမ်းဆောင်နိုင်မှု (၆/၇/၈) |
|---|---|---|---|---|---|---|---|---|
| ၁ | ရပ်မိရပ်ဖအဖွဲ့ | ၂ | ၂ | ၁ | ၃ | ကျေးရွာလုံးဆိုင်ရာ ကိစ္စရပ်များ | ၄ | ၇ |
| ၂ | မြစိမ်းရောင်အဖွဲ့ | ၁ | ၄ | ၃ | ၇ | ချေးငွေလည်ပတ်ရေး | ၅ | ၆ |
| ၃ | ရှမ်းစာပေနှင့်ယဉ်ကျေးမှုအဖွဲ့ | | ၃ | ၁၃ | ၁၇ | ၃၀ | | |

ရည်ညွှန်း . . ကျေးရွာအခြေအနေကို ကျေးရွာသူ/သားများ ကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ

**အုပ်စုအမျိုးအစား**

(၁) စီးပွားရေးအခြေခံသောအုပ်စု– လယ်သမားအဖွဲ့၊ငွေစုငွေချေးအဖွဲ့စသည့်

(၂) လူမှုရေးအဖွဲ့–ဥပမာ– အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့

(၃) ဘာသာရေးနှင့်ယဉ်ကျေးမှုအဖွဲ့

**ဦးဆောင်ဖွဲ့စည်းသူများ**

(၄) ကျေးရွာလူထုကိုယ်တိုင်

(၅) ပြင်ပအဖွဲ့အစည်း

**အဖွဲ့စွမ်းဆောင်နိုင်မှုအခြေအနေ**

(၆)     ကောင်း

(၇)     သင့်

(၈)     ညံ့(အားနည်း)

**(၂.၁.၂)ကျေးရွာဖွံ့ဖြိုးရေးအတွက် ပြင်ပအဖွဲ့အစည်းများ၏ အခြေအနေ**

ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် ပြင်ပအဖွဲ့အစည်းများမှ လာရောက်ဖွဲ့စည်းထားမှု မရှိပါ။

**(၂.၂) စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ**

**(၂.၂.၁) သီးနှံထုတ်လုပ်ရေး**

ဇယား (၁၁) နန့်စန်း(၁)ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်သည့် အိမ်ထောင်စု

| **စဉ်** | **မြေပိုင်ဆိုင်မှုအရွယ်အစား** | **အိမ်ထောင်စုအရေအတွက်** | | **အိမ်ထောင်စု%** |
|---|---|---|---|---|
| **ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက်** | | | | |
| ၁ | မြေယာမဲ့ | ၂၂ | ၂၇.၅% | မြေမဲ့ယာမဲ့ |
| ၂ | ၃ကေအောက် | ၂၁ | ၂၆.၂၅% | ဆင်းရဲသားတောင်သူ |
| ၃ | ၃ကေမှ၅ကေထိ | ၂၁ | ၂၆.၂၅% | တောင်သူငယ် |
| ၄ | ၅ကေမှ၁၅ကေထိ | ၁၆ | ၂၀% | တောင်သူလတ် |
| ၅ | ၁၅ကေအထက် | | | တောင်သူကြီး |

ရည်ညွှန်း . .   ကျေးရွာအခြေအနေကို ကျေးရွာသူ/သားများ ကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ

## (၂.၂.၁.၂) အစိုးရနှင့် ပုဂ္ဂလက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့်ဧရိယာ

ဇယား (၁၂) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

| စဉ် | အရင်းအမြစ် | အစိုးရနှင့်ပုဂ္ဂလိက ရေသောက်ကော ရရှိနိုင်မှု(တစ်နိုင်ပတ်လုံး/ရာသီလိုက်) | | |
|---|---|---|---|---|
| ၁ | ဆည် | - | - | - |
| ၂ | ရေလွှဲဆည် | - | - | - |
| ၃ | မြစ်ရေတင်စီမံကိန်း | - | - | - |
| ၄ | ဆည်မြောင်း | - | - | - |
| ၅ | အဝီစိတွင်း | - | - | - |
| ၆ | လက်ငင်ရေတွင်း | - | - | - |
| ၇ | စိမ့်စမ်းရေ | - | - | - |

ရည်ညွှန်း . . ကျေးရွာအခြေအနေကို ကျေးရွာသူ/သားများ ကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ

## (၂.၂.၁.၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

| သီးနှံ | ဧက | ယူနစ် | သီးနှံထွက်မှု | | သီးနှံစိုက်ပျိုး သွင်းအားစု | | အမြတ်ရရှိနိုင်မှု မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | အနည်းဆုံး | အများဆုံးပျှမ်းမျှ | သည့်ကာလ | လိုအပ်ချက် (နိမ့်/မြင့်/လတ်) | (နိမ့်/မြင့်/လတ်) |
| မုန်ညှင်း | ၂၀ | ၁၀၀၀၀ | ၁၃၀၀ | | ဒီဇင်ဘာ၊ မတ် | မြင့် | မြင့် |
| ကိုက်လန် | ၂၀ | ၁၀၀၀၀ | ၁၃၀၀ | | ဒီဇင်ဘာ၊ မတ် | မြင့် | မြင့် |
| မုန်လာထုပ် | ၂၀ | ၁၀၀၀၀ | ၁၃၀၀ | | ဒီဇင်ဘာ၊ မတ် | မြင့် | မြင့် |

ရည်ညွှန်း . . ကျေးရွာအခြေအနေကို ကျေးရွာသူ/သားများ ကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ

## (၂.၂.၁.၄) လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၄) ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများပိုင်ဆိုင်မှု

| စက်အမျိုးအစား | အိမ်ထောင်စုအရေအတွက် | ရှာပိုင်ဆိုင်မှု |
|---|---|---|
| မှတ်ချက်/အခြေအနေ | | |
| ထွန်စက် | ၁၄ | - |
| လက်တွန်းထွန်စက် | | - |
| ရိတ်စက် | | - |
| ရေစုပ်စက် | ၂၀ | - ငှားရမ်းခြင်းမရှိ၊ |
| မြက်ရိတ်စက် | ၂၈ | - |

ရည်ညွှန်း . . ကျေးရွာအခြေအနေကို ကျေးရွာသူ/သားများ ကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ

**(၂.၂.၁.၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ**

ဇယား (၁၅) သီးနှံအထွက်နှုန်းတိုးစေရန်အတွက် အခွင့်အလမ်းများ

| အခြေအနေ | ရှိ/မရှိ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|

မြေ(စိုက်ပျိုးမြေရရှိနိုင်မှု၊မြေဆီသြဇာ) မရှိ

စိုက်ပျိုးမြေအသင့်အတင့်ကောင်းမွန်သော်လည်း တိုးချဲ့ရန်မြေအလုံအလောက်မရှိ။

ရေအရင်းအမြစ်၊ ရှိ

သဘာဝမြေဆွေး၊သြဂဲနစ်ပိုးသတ်ဆေး၊ ရှိ

သဘာဝမြေဆွေးများအသုံးပြုနည်းပညာရရှိပါက စိုက်ပျိုးရေးအတွက် အသုံးပြုလာနိုင်သည်။

ဓါတ်မြေသြဇာ၊ဓါတုပိုးသတ်ဆေး ရှိ သီးနှံအထွက်တိုးစေရန် ဓါတ်မြေသြဇာများအဓိကထည့်သွင်းစိုက်ပျိုးကြသည်။

ချေးငွေရရှိမှု ရှိ မြစိမ်းရောင်စီမံကိန်းရန်ပုံငွေမှ ချေးငွေများရရှိနိုင်သည်။

သွင်းအားစုဈေးကွက် ရှိ ဖားကန့်မြို့နှင့်ဆိပ်မူကျေးရွာရှိ ဈေးဆိုင်များမှ စိုက်ပျိုးရေးသွင်းအားစုများ အလွယ်တကူရရှိနိုင်သည်။တချို့ ငွေကြေးတတ်နိုင်သူများမှာ မြစ်ကြီးနားမြို့၊မိုးညှင်းမြို့များမှ စိုက်ပျိုးရေးသွင်းအားစုများ ဝယ်ယူထားပြီး ကျေးရွာတွင် ရောင်းချကြသည်။

ဝန်ဆောင်မှုဈေးကွက် ရှိ မြို့နယ်စိုက်ပျိုးရေးဌာနမှ ဝန်ဆောင်မှုရရှိနိုင်သည်။

ထုတ်လုပ်မှုဈေးကွက်နှင့်ကုန်သွယ်မှု ရှိ စိုက်ခင်းသီးနှံထွက်ကုန်များကို ဖားကန့်မြို့နှင့်ဆိပ်မူကျေးရွာများရှိ ဈေးများတွင်

သွားရောက်ရောင်းချနိုင်ပြီး အချို့သီးနှံရောင်းဝယ်သူများမှ ကျေးရွာစိုက်ခင်းထိ လာရောက်ဝယ်ယူကြသည်။

ရည်ညွှန်း . . ကျေးရွာအခြေအနေကို ကျေးရွာသူ/သားများ ကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ

### (၂.၂.၁.၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား (၁၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ

| ပြဿနာ | ရှိ/မရှိ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| မြေယာအသုံးချနိုင်မှု | ရှိ | မြေယာထပ်မံတိုးချဲ့နိုင်မှု မရှိပါ။ |
| ငွေကြေးအရင်းအနှီး | ရှိ | မြစိမ်းရောင်စီမံကိန်းရန်ပုံငွေမှ အတိုးနှုန်းနည်းစွာချေးယူနိုင်သော်လည်း ငွေကြေး အကန့်အသတ်ကြောင့် ချေးငွေလိုသလောက် မရရှိနိုင်ကြပါ။ |
| စိုက်ပျိုးရေရရှိမှု | ရှိ | စိမ့်စမ်းရေများ လျော့နည်းလာသဖြင့် စိုက်ပျိုးရေလုံလောက်စွာ မရရှိနိုင်မှု ရှိလာသည်။ |
| သွင်းအားစုတတ်နိုင်မှု | မရှိ | သွင်းအားစုများကို ဈေးကွက်တွင် ဝယ်ယူရရှိနိုင်သည်။ |

စိုက်ပျိုးရေးသွင်းအားစုများအချိန်မှီ ရှိ

စိုက်ပျိုးရေးသွင်းအားစုများ(ဓါတ်မြေဩဇာ၊ဓါတုပိုးသတ်ဆေး)တို့ကို ဈေးကွက်

အသုံးပြုနိုင်မှု အလွယ်တကူရရှိနိုင်သော်လည်း သယ်ယူရာတွင် ထောက်ခံချက်မရှိပါက

တားဆီးပိတ်ပင်မှုကြောင့် အချိန်မှီ အသုံးမပြုနိုင်မှု ရှိတတ်သည်။

ကျွမ်းကျင်လုပ်သားရှားပါးမှု ရှိ စိုက်ပျိုးရေးအတွက် အလုပ်သမားများ ရှားပါးခြင်းကြောင့် မိသားစုဝင်များဖြင့်

သာ စိုက်ပျိုးလုပ်ကိုင်ကြသည်။

ဖျက်ပိုးနှင့်ရောဂါ ရှိ သီးနှံဖျက်ပိုးများ ရာသီလိုက်ကျရောက်တတ်ပြီးအချို့ဖျက်ပိုးများသည် ပိုးသတ်

ဆေးဒဏ်ကို ခံနိုင်ကြသည်။

နည်းပညာအကူအညီနှင့်နည်းလမ်းများ ရှိ စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်ပျိုးရေးနည်းပညာဝန်ဆောင်မှုရရှိသော်လည်း

မလုံလောက်မှု မရှိသေးပါ။

ဈေးကွက်လက်လှမ်းမှီမှု မရှိ ဈေးကွက်ကို အလွယ်တကူ လက်လှမ်းမှီသည်။

---

ရည်ညွှန်း . . ကျေးရွာအခြေအနေကို ကျေးရွာသူ/သားများ ကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ

**(၂.၂.၂) မွေးမြူရေးလုပ်ငန်း**

**(၂.၂.၂.၁) မွေးမြူရေးနှင့် ငါလုပ်ငန်းဆောင်ရွက်မှုအခြေအနေ**

ဇယား (၁၇) မွေးမြူရေးနှင့် ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ (အိမ်ထောင်စု)

| **မွေးမြူရေးနှင့်ငါးလုပ်ငန်း မှတ်ချက်/အခြေအနေ** | **အိမ်ထောင်စု** | |
|---|---|---|
| **မွေးမြူရေး** | | |
| နွား | ၉ | ကျေးရွာတွင် အိမ်ထောင်စုအနည်းငယ်သာ မွေးမြူကြပြီး စားကျက်မြေမရှိသဖြင့် စိုက်ပျိုး သီးနှံဘေးထွက်များမှ နွားစာများ ရရှိနိုင်သည်။ |

| **မွေးမြူရေးနှင့်ငါးလုပ်ငန်း မှတ်ချက်/အခြေအနေ** | **အိမ်ထောင်စု** | |
|---|---|---|
| မြင်း | - | |
| ကျွဲ | ၁ | ကျေးရွာတွင် တစ်အိမ်ထောင်စုသာ မွေးမြူမှုရှိသည်။ |
| မြည်း | - | |
| လား | - | |

| | | |
|---|---|---|
| ဆိတ် | - | |
| သိုး | - | |
| ဝက် | ၅၅ | ကျေးရွာတွင် အိမ်ထောင်စုအများအားဖြင့် တစ်ပိုင်တစ်နိုင်သာ မွေးမြူကြပြီး ဒေသဝက်မျိုးများကိုသာ မွေးမြူကြသည်။ |
| ကြက် | ၇၄ | ဒေသကြက်မျိုးကိုသာ တစ်ပိုင်တစ်နိုင်မွေးမြူကြပြီး ရာသီအလိုက်ကျရောက်တတ်သော လည်လိမ်ရောဂါနှင့် အအေးမိဖျားနာရောဂါများက အဟန့်အတားဖြစ်နေသည်။ |
| ဘဲ | ၉ | ကျေးရွာတွင် အိမ်ထောင်စုအနည်းငယ်သာ တစ်ပိုင်တစ်နိုင်မွေးမြူကြသည်။ |
| အခြား | - | |
| ငါးလုပ်ငန်း | - | |
| ငါးကန် | ၁ | ကျေးရွာတွင် တစ်အိမ်ထောင်စုသာငါးကန်၂ကန်ဖြင့် ငါးမွေးမြူပြီး တစ်ပိုင်တစ်နိုင်သာ မွေးမြူနိုင်သည်။ |
| ပုဇွန်ကန် | - | |
| ရေချိုငါးဖမ်းလုပ်ငန်း | - | |

ရည်ညွှန်း . . ကျေးရွာအခြေအနေကို ကျေးရွာသူ/သားများ ကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ

### (၂.၂.၂.၂) မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများနှင့် စိန်ခေါ်မှုများ

ဇယား (၁၈) မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများနှင့် စိန်ခေါ်မှုများ

| **အခွင့်အလမ်း** | **ဖော်ပြချက်/ရှင်းလင်းချက်** |
|---|---|
| စားကျက်မြေ | ကျေးရွာတွင် စားကျက်မြေသီးသန့်မရှိသော်လည်း သဘာဝပေါက်အပင်များမှနွားစာရိက္ခာများရရှိနိုင်သည်။ |
| ရေရရှိမှု | မွေးမြူရေးလုပ်ငန်းအတွက် စိမ့်စမ်းရေသွယ်ယူ ရရှိနိုင်ကြသည်။ |
| တိရစ္ဆာန်မျိုး | ဒေသထွက်မျိုးများကို လွယ်ကူစွာရရှိနိုင်ကြသည်။ |
| ချေးငွေ | ကျေးရွာမြစိမ်းရောင်စီမံကိန်းရန်ပုံငွေမှ အတိုးနှုန်းနည်းနည်းဖြင့် ချေးယူရရှိနိုင်ကြသည်။ |

သွင်းအားစုဈေးကွက် ဖားကန်မြို့နှင့်ဆိပ်မူကျေးရွာရှိ ဆိုင်များတွင် သွင်းအားစုများကို အလွယ်တကူ ရရှိနိုင်ကြသည်။

ဝန်ဆောင်မှုဈေးကွက် မြို့နယ်မွေး/ကုဦးစီးဌာနမှ နည်းပညာဝန်ဆောင်မှုကို ရရှိနိုင်သော်လည်း အပြည့်အဝ ရရှိမှု အားနည်းသည်။

ထုတ်ကုန်ရောင်းဝယ်မှု ဖားကန့်မြို့နှင့်ဆိပ်မူကျေးရွာရှိဆိုင်များတွင် အလွယ်တကူရောင်းချနိုင်သည်။
